မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၇၄)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

ဒုတိယသမ္မတ (၁)ဦး ရွေးချယ်တင်မြှောက်ပေးရန် ကြေညာခြင်းနှင့် အဆိုအသစ် (၁)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၂၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ သဝဏ်လွှာများ မှတ်တမ်းတင်ခြင်း၊ အရေးပေါ်အခြေအနေကြေညာခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုပေးရန်တင်သွင်းခြင်း၊ သံတမန်ဆက်သွယ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြခြင်း၊ ဒုတိယသမ္မတ (၁)ဦး ရွေးချယ်တင်မြှောက်ပေးရန်ကြေညာခြင်းနှင့် အဆိုအသစ် (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို ကျန်းမာရွှင်လန်းစွာဖြင့် စုံစုံညီညီ တက်ရောက်လာကြသည့်အတွက် ဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားလိုပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပလာခဲ့သည်မှာ ယနေ့အစည်းအဝေးသည် လွှတ်တော်သက်တမ်း တစ်နှစ်နှင့်ခြောက်လအတွင်း စတုတ္ထအကြိမ်ကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေး ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ပင်မတာဝန်မှာ ဥပဒေပြုရေးပင်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းကို ဆောင်ရွက်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်သည် အလွန်ကြီးမားပါကြောင်း၊ ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့ကိုယ်တိုင်က ဥပဒေပညာရှင်များ၊ ဥပဒေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းသူများမဟုတ်သော်လည်း မိမိတို့ကို တင်မြှောက်လိုက်သော နိုင်ငံသားများ၏ ဘဝအတွေ့အကြုံများကို အရင်းတည်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်သည် ဒီမိုကရေစီစနစ်၏ အခြေခံအဆောက်အအုံဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်ကို လူ့အခွင့်အရေး၏ အခြေခံအစိတ်အပိုင်းတစ်ရပ်အဖြစ် မှတ်ယူနိုင်သည်ဟု ပြောကြားလိုပါကြောင်း၊ ထို့ကြောင့်

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပါတီစုံဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်ကြရသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ နိုင်ငံသားများ လူသားဂုဏ်သိက္ခာမြင့်မားရေးအတွက် အဘက်ဘက်က စောင့်ရှောက်ကြရမည်ဖြစ်သည်ဟု ပြောကြားလျှင် တိုတိုနှင့်ပြီးပြည့်စုံပါလိမ့်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အတွင်း ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် ကြံ့ခိုင်ရေးတို့အတွက် ပြည်သူ့အကျိုးစီးပွားကို ရှေးရှုသော ဥပဒေကြမ်းများနှင့် အဆိုများ တင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်းတို့ကိုလည်း လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

သဝဏ်လွှာများ မှတ်တမ်းတင်ခြင်းကဏ္ဍ ၌ နိုင်ငံတော်သမ္မတ ဦးဆောင်ပြီး ဂျပန်နိုင်ငံသို့ ၂၁-၄-၂၀၁၂ ရက်မှ ၂၃-၄-၂၀၁၂ ရက်အထိ တရားဝင် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းနှင့် စပ်လျဉ်းသည့်ကိစ္စ၊ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ၂၀-၄-၂၀၁၂ ရက်မှ ၂၁-၄-၂၀၁၂ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတက်ရောက်မှု မှတ်တမ်းနှင့်စပ်လျဉ်းသည့်ကိစ္စ၊ တရားမဝင်တင်သွင်းလာသည့် မော်တော်ဆိုင်ကယ်များအား တရားဝင်ယာဉ်အဖြစ် ***စာမျက်နှာ ၃ ကော်လံ ၁*** ✳

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

အစောဆုံးအမေရိကတိုက်မြေပုံ ရှားပါးကော်ပီ ဂျာမနီနိုင်ငံအတွင်း၌ တွေ့ရှိ

စာ-၄

အီတလီ ပထမဆုံး အမျိုးသမီး အာကာသယာဉ်မှူး ၂၀၁၄ တွင် အာကာသအတွင်း စေလွှတ်မည်

စာ-၄

ယူ-၁၉ ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အင်္ဂလန်တို့ သရေကျပြီး စပိန်တို့ နိုင်ပွဲရရှိ

စာ ၅

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၅ ရက်)

ကြံ့ကြံ့ခံ လောကဓံ

လူရယ်လို့ဖြစ်လာကြပြီဆိုရင် လောကဓံတရားကို မည်သူတစ်ဦးတစ်ယောက်မျှ ရှောင်ကွင်းနိုင်စွမ်း မရှိကြပါချေ။ အသက်ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ၊ ချမ်းသာသူဖြစ်စေ လောကဓံ တရားကို တစ်နေ့မဟုတ် တစ်နေ့ ရင်ဆိုင်ကြရပေမည်။ ဤသို့လောကဓံတရားနှင့် မလွဲမသွေ ရင်ဆိုင်ကြရ သည့်အခါ စိတ်ဓာတ်ကြံ့ကြံ့ခံနိုင်စွမ်းရှိဖို့လိုသည်။

လောကဓံတရား ရှစ်ပါးရှိ၏။ ဤသည်တို့ကား 'လာဘော' ဥစ္စာပေါများ၍ တက်ကြွတုန်လှုပ်ခြင်း၊ 'အလာဘော' ဥစ္စာနည်းပါး၍ ညှိုးငယ်တုန်လှုပ်ခြင်း၊ 'ယသော' အခြံအရံများ၍ တက်ကြွတုန်လှုပ်ခြင်း၊ 'အယသော' အခြံအရံနည်းပါး၍ ညှိုးငယ်တုန်လှုပ်ခြင်း၊ 'နိန္ဒ' ကဲ့ရဲ့ခံရ၍ ညှိုးငယ်တုန်လှုပ်ခြင်း၊ 'ပသံသ' ချီးမွမ်းခံရ၍ တက်ကြွတုန်လှုပ်ခြင်း၊ 'သုခံ' ချမ်းသာခြင်းကိုစွဲ၍ တက်ကြွတုန်လှုပ်ခြင်း၊ 'ဒုက္ခံ' ဆင်းရဲခြင်းကိုစွဲ၍ ညှိုးငယ်တုန်လှုပ်ခြင်းတို့ပင်ဖြစ်သည်။ ဤလောကဓံတရားကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိမှလူဟု ရှင်တော်ဗုဒ္ဓက ဟောကြားတော်မူခဲ့လေသည်။

တစ်ရံရောအခါက ဘုရင်ကြီးတစ်ပါးသည် ထိုလောကဓံတရားနှိပ်စက်၍ မအိပ်နိုင်၊ မစားနိုင်ဘဲရှိ သည်။ ထိုအခါ ဘုရင်ကြီးက အမတ်ပညာရှိတို့အား မိမိအားကိုးပြုစရာ ဆောင်ပုဒ်တစ်ခုရေးသားပြုစုပေးရန် တောင်းဆိုလေသည်။ ဆောင်ပုဒ်သည်ကား လက်စွပ်တစ်ကွင်းပေါ်မှာ ရေးထွင်း၍ရလောက်အောင်လည်း တိုရမည်၊ အောင်မြင်စဉ်မှာရော နိမ့်ပါးစဉ်မှာပါ သုံးစွဲနိုင်တာမျိုးလည်းဖြစ်ရမည်ဟု သူကဆိုသည်။ မှူးမတ်တွေ ဆောင်ပုဒ်အမျိုးမျိုး တင်လျှောက်ကြသည်။ ရှင်ဘုရင်က လက်မခံ။ အားလုံးကိုပယ်ချသည်။ နောက်ဆုံး သမီးတော်က သူမရွေးချယ်ထားသည့်ဆောင်ပုဒ်ကို မြလက်စွပ်တစ်ကွင်းပေါ်တွင် ရေးထွင်းပြီး ဆက်သတော့မှ ရှင်ဘုရင် နှစ်သက်သဘောကျသွားသည်ဟု ဆိုသည်။ ထိုဆောင်ပုဒ်သည်ကား 'ဒါလည်း ပြီးသွားမှာပါ'ဟူ၍ ဖြစ်သည်။ အင်္ဂလိပ်လိုတော့ This, too, will pass ဟူ၍ ဖြစ်သည်။

ထိုစာသားလေးသည် လူတော်တော်များများပါးစပ်များတွင် သုံးစွဲပြောဆိုနေကြသော်လည်း ရိုးမသွား နိုင်ပေ။ အလွန်တန်ဖိုးရှိသော စကားပင်ဖြစ်၏။ လူအများစုသည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသော အကြောင်းတစ်စုံတစ်ခုကြောင့် စိတ်ထဲ၌ တနုံ့နုံ့ခံစားနေရသည့်အခါမျိုးတွင် ထိုစကားလေး ခေါင်းထဲပေါ် လာလျှင် စိတ်ထဲပေါ့ပါးသွားတတ်သည်။

တစ်ဖန် ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုသည့်စကားသည်လည်း လောကဓံတရားကို ကြံ့ကြံ့ခံနိုင် စွမ်းရှိရန် အားပေးသည့်စကားပင်ဖြစ်၏။ မည်မျှပင်ချီးမွမ်းခံရစေမူ ခုနစ်ရက်မျှသာဖြစ်၏။ ထို့အတူ ကဲ့ရဲ့ ခံရလျှင်လည်း ခုနစ်ရက်မျှသာဖြစ်သည်။ လူတို့၌ လုပ်မှား၊ ကိုင်မှား ရှိတတ်ကြသည်။ အလုပ်များများလုပ်သူ သည် အမှားဖြစ်တတ်သည်။ ဘာမျှမလုပ်ဘဲထိုင်နေသူနှင့်စာလျှင် အလုပ်လုပ်၍ မဖြစ်စလောက် မှားသူက တန်ဖိုးရှိသည်။ သို့သော် နောက်ထပ်မမှားအောင်ကြိုးစားဖို့က အလုပ်လုပ်သူတွင် တာဝန်ရှိသည်။ မည်သို့ပင် ဖြစ်စေ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်စွမ်းရှိဖို့လိုသည်။

သို့ဖြစ်ပါ၍ လူတို့သည် လောကဓံတရားကို တစ်နေ့မဟုတ်တစ်နေ့ ကြုံတွေ့ရမည်ဖြစ်ပါသည်။ လောကဓံသည် ကောင်းတာဖြစ်ချင်ဖြစ်မည်၊ ဆိုးတာဖြစ်ချင်ဖြစ်မည်။ မည်သို့ပင်ရှိစေကာမူ လောကဓံကို ကြံ့ကြံ့ခံနိုင်စွမ်းရှိဖို့လိုပါသည်။ This, too, will pass (ဒါလည်းပြီးသွားမှာပါ)ဆိုသောစကားသည် လောကဓံကို ရင်ဆိုင်နေရသူများအတွက် ဖြေသိမ့်စရာစကားတစ်ခွန်းဖြစ်လိမ့်မည်ဟု ယုံကြည်မိပါ သည်။ ။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲကို ဇူလိုင် ၁ရက်က သာယာဝတီမြို့ ဈေးရပ်ကွက် ဘီအိုစီရှေ့ ရန်ကုန်-ပြည်ကားလမ်းဘေး၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကြည်နှင့် အဖွဲ့ဝင်များက ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း သတ်မှတ်ချိန်အမီပြီးစီးရေး လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်

နေပြည်တော် ဇူလိုင် ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ သတ်မှတ်ကာလအချိန်မီပြီးစီးရေးအတွက် လုပ်ငန်းအားလုံး စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ ဘဏ္ဍာငွေ စနစ်တကျသုံးစွဲရန်၊ ကျောက်၊ ကတ္တရာများ အရည်အသွေးပြည့်မီရန်၊ စက်၊ ယန္တရားများ စနစ်တကျ ကိုင်တွယ်သုံးစွဲရန်၊ သတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မုံရွာ-ယာကြီး-ကလေးဝ လမ်းပေါ်ရှိ ချင်းတွင်းတံတား(မုံရွာ)၊ ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ် (၄၂၄/၄) နှင့် (၄၂၄/၅) အကြားတွင် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၁)က တာဝန်ယူတည်ဆောက်လျက်ရှိသော တောင်ယမားချောင်း တံတားတည်ဆောက်ရေး စီမံကိန်း၊ တံတားအမှတ် (၁/၄၂၂)၏ ချဉ်းကပ်လမ်းနှင့် ကြမ်းခင်းပေါ် ကျောက်ခင်းနေမှု၊ မြိုင်-လင်းကတောလမ်း၊ မြိုင်-ပခုက္ကူလမ်း၊ ပေါက်-ကျောက်ထု-မင်းတပ်လမ်း မိုင်တိုင်အမှတ် (၄၆/၇)နှင့် (၄၇/၀)အကြားရှိ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်မည့် ပေါက်မြို့အလယ်ရှိ ဆင်ဇာချောင်းတံတား မြေနေရာရွေးချယ်ထားမှု၊ အုန်းတော ရေနိမ့်တံတားပေါ်တွင် မော်တော်ယာဉ်များ ဖြတ်သန်းနေမှုနှင့် ချောင်းရေစီးဆင်းမှု၊ ပုသိမ်-မုံရွာလမ်းပေါ်ရှိ သရူးချောင်းတံတား ထပ်မံတိုးချဲ့တည်ဆောက်ပြီးစီးမှု၊ မင်းဘူး-မကွေးလမ်းပေါ်ရှိ ဧရာဝတီတံတား (မကွေး)လမ်း အသုံးပြုခကောက်ခံရေးစခန်းနှင့် ရုံးခန်းတည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း စာတည်းထံပေးစာ

ဗိုလ်ချုပ်ပုံကို မိမိအကျိုးစီးပွားအတွက် မသုံးသင့်

စာတည်းခင်ဗျား-

တိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်း ဗိုလ်ချုပ်ကိုချစ်မြတ်နိုးကြမည် ဖြစ်သည်။ ယနေ့အခါတွင် ဗိုလ်ချုပ်ပုံနှင့်တွဲလျက်ပုံများကို တွင်ကျယ်စွာ ရောင်းဝယ်ဖောက်ကားလျက် နေရာတိုင်းတွင် ပလူပျံသလို ပျံ့နှံ့လျက် တွေ့မြင်နေရပါသည်။

ဗိုလ်ချုပ်သည် ကမ္ဘာသိ၊ မြန်မာသိ၊ လူတိုင်းသိသည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်၊ တပ်မတော်၏ ဖခင်ဖြစ်ရာ ဗိုလ်ချုပ်၏ ယခင်ရှိပြီး ဓာတ်ပုံကို ရုံးများ၊ အိမ်များတွင် ချိတ်ဆွဲထားရှိခြင်းက လွန်စွာ တင့်တယ် လှပါသည်။

ဗိုလ်ချုပ်ပုံကို ဗိုလ်ချုပ်ပုံအတိုင်းထားကြပါရန် အထူးမေတ္တာရပ်ခံ အပ်ပါသည်။ ဗိုလ်ချုပ်၏ တစ်ဦးတည်းရှိပြီးပုံက ကျက်သရေမင်္ဂလာရှိလှ ပါသည်။ မိမိတစ်ဦးတည်း အကျိုးစီးပွားအတွက် အသုံးမချသင့်ပါ။

ယနေ့ဗိုလ်ချုပ်ပုံက မော်တော်ကားရှေ့တွင်လည်းကောင်း၊ နောက်တွင် လည်းကောင်း၊ မော်တော်ဆိုင်ကယ်ရှေ့တွင်လည်းကောင်း၊ နောက်တွင် လည်းကောင်း၊ ဆိုက်ကား၊ မြင်းလှည်းတို့၏ရှေ့တွင်လည်းကောင်း၊ နောက် တွင်လည်းကောင်း အကပ်ခံနေရသည်ကို တွေ့မြင်နေရပေရာ တိုင်း တစ်ပါးသားတို့အမြင်တွင် မတင့်တယ်ပါ။ မကောင်းပါ။ မိမိအကျိုး စီးပွားအတွက် မိမိလုပ်ဆောင်ချက်ဖြင့်သာ သမိုင်းကိုရေးကြဖို့ လိုပါသည်။ ကျွန်တော်တို့ သဘောပြောရလျှင် ဗိုလ်ချုပ်၏ပုံကို ကိုယ့်အကျိုးစီးပွား အတွက် မသုံးသင့်ပါကြောင်း။ **မောင်ကျေးလက်**

ရွှေပြည်သာမြို့နယ်၌ ပျိုးပင်များပေးအပ်

ရန်ကုန် ဇူလိုင် ၄

ရွှေပြည်သာမြို့နယ်အတွင်း စိုက်ပျိုးမည့် ပျိုးပင်များပေးအပ်ပွဲကို ဇွန် ၂၉ ရက်က ရွှေပြည်သာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်နှင့်ဝန်ထမ်းများက ယခုနှစ်မိုးရာသီတွင် ရွှေပြည်သာမြို့နယ်အတွင်း စိုက်ပျိုးမည့် ကျွန်း၊ ယူကလစ်၊ မန်ကျည်းရှား၊ မဲဇလီ၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ အော်ရီးရှားပျိုးပင် ၂၀၀၀၀ ကျော်ကို ဌာနဆိုင်ရာ၊ စာသင်ကျောင်း၊ ရပ်ကွက်များမှ တာဝန်ရှိသူများထံသို့ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၆၆)

ပခုက္ကူခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက်က ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာရီရီမေက ခရိုင်အဆင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (၁၀၂)

မြဝတီရုပ်မြင်သံကြား

၅-၇-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၅ တရားတော်
- ၇း၄၀ မြန်မာ့ရှုခင်း
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၅ ဇာတ်လမ်းတို

ညပိုင်း

- ၄း၁၀ မျိုးချစ်တပ်မတော်
- ၄း၅၀ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမေ့အပြုံး** (အပိုင်း-၁၈)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်သစ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၈)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- \- နိုင်ငံတကာသတင်း
- \- မိုးလေဝသသတင်း
- \- ကုန်သွယ်သုတ
- \- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၃၀)
- \- မြဝတီရုပ်မြင်သံကြားသတင်း
- \- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဂုဏ်ရည်မတူ** (အပိုင်း-၃)

သာစည်ဆေးရုံသို့ ထိုင်ခုံများလှူဒါန်း

သာစည် ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ပြည်သူ့ဆေးရုံသို့ ကောင်းဇော်ဟိန်း စက်သုံးဆီရောင်းဝယ်ရေးကုမ္ပဏီမှ သွေးရောဂါကုသရာတွင် အသုံးပြုသည့်ထိုင်ခုံအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၅ ရက် ညနေ ၄နာရီက သာစည်ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်က အမှာစကားပြောကြားပြီး ကောင်းဇော်ဟိန်း စက်သုံးဆီရောင်းဝယ်ရေးကုမ္ပဏီမှ သွေးရောဂါကုသရန် ထိုင်ခုံအတွက် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ သာစည်မြို့နယ် တာဝန်ခံဦးထိန်ဝင်းက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလှူရှင်က လှူဒါန်းငွေများပေးအပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဇော်မင်းထူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ) (မြို့နယ်ကျန်းမာရေး)**

လက်ပံတန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေး

လက်ပံတန်း ဇူလိုင် ၄

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး၏ မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် ဇွန် ၃၀ရက်က ဘီးလင်းတန်းရပ်ကွက်ရှိ မြို့နယ်လုံးဆိုင်ရာ ဓမ္မဗိမာန်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးဌာနမှူး ဦးတင်ထွန်းနှင့်ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးခိုင်၊ ခရိုင်ဦးစီးဌာနမှူး ဦးဇော်မင်းလတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟတို့က လိုအပ်သည်များ ကူညီပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး လွှတ်တော်သို့ အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

မှတ်ပုံတင်ရန်ကိစ္စ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တစ်သောင်းကျပ်တန်ငွေစက္ကူ အမျိုးအစားသစ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စ စသည့် နိုင်ငံတော်သမ္မတက ပေးပို့သည့်သဝဏ်လွှာများကို လွှတ်တော်ကမှတ်တမ်းတင် ဆောင်ရွက်သည်။

အရေးပေါ်အခြေအနေကြေညာခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုပေးရန် တင်သွင်းခြင်းကဏ္ဍ၌ နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၂) အရေးပေါ်အခြေအနေကြေညာခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုပေးရန် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက လွှတ်တော်သို့တင်သွင်းသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့်ရက်အား ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

သံတမန်ဆက်သွယ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြခြင်းကဏ္ဍ၌ နိုင်ငံတော်သမ္မတက တင်ပြလာသည့် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၊ မာလာဝီသမ္မတနိုင်ငံ၊ ဘူတန်နိုင်ငံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ၊ လူဇင်ဘတ်နိုင်ငံ၊ လတ်ဗီးယားသမ္မတနိုင်ငံ၊ အက်စ်တိုးနီးယား သမ္မတနိုင်ငံ၊ ဒိုမီနီကန်သမ္မတနိုင်ငံတို့နှင့် သံတမန်ဆက်သွယ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က ဖတ်ကြားရှင်းလင်းတင်သွင်းသည်။

အမည်စာရင်းတင်သွင်းနိုင်

သံတမန်ဆက်သွယ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ဒုတိယသမ္မတ(၁)ဦး ရွေးချယ်တင်မြှောက်ပေးရန် ကြေညာခြင်းကဏ္ဍ၌ ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယသမ္မတရာထူးနေရာ လစ်လပ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှပေးပို့သောသဝဏ်လွှာကိုဖတ်ကြားပြီး လစ်လပ်သွားသော ဒုတိယသမ္မတရာထူးနေရာတွင် ဖြည့်စွက်နိုင်ရေးအတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၄၊ ၂၅ နှင့်အညီ ဒုတိယသမ္မတတစ်ဦးအား ဇူလိုင် ၁၀ ရက် နောက်ဆုံးထား ရွေးချယ်တင်မြှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပါ သတ်မှတ်အရည်အချင်းများနှင့်သက်ဆိုင်သော အကြောင်းအရာများပါဝင်သည့် ကိုယ်ရေးအချက်အလက်များနှင့်အတူ ဒုတိယသမ္မတအမည်စာရင်းကို နာယကထံတင်ပြရန် ညွှန်ကြားဆောင်ရွက်သည်။

အဆိုတင်သွင်း

အဆိုတင်သွင်းခြင်းကဏ္ဍ၌ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်က **လယ်ယာမြေများ သိမ်းဆည်းခံရခြင်းများအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှု မရှိစေရေး တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန်** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဇူလိုင် ၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင်ရပ်နားပြီး အစည်းအဝေး ဒုတိယနေ့ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို ပြန်လည်လေ့လာသုံးသပ်၍ ပြန်လည်ညှိနှိုင်းရေးဆွဲ မြေအသုံးချမှုအစီရင်ခံစာများအားစုစည်းရယူ၍ ပြောင်းလဲသင့်သည့်မူဝါဒများလေ့လာတင်ပြ

နေပြည်တော် ဇူလိုင် ၄

မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ကျင်းပရာ မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက နိုင်ငံတော်၏ မြို့ရွာဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၌ မြေယာခွဲဝေအသုံးချမှု မူဝါဒများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က ယခုကော်မတီအား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များ အနေဖြင့် မြေအသုံးချမှုမူဝါဒ (Land Use Policy) ချမှတ်နိုင်ရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာ၌ မြေခွဲဝေအသုံးချမှု လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းပေးရေး၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်လေ့လာသုံးသပ်၍ ပြန်လည်ညှိနှိုင်းရေးဆွဲရေး၊ လုပ်ငန်းအလိုက် မြေအသုံးချမှုအပေါ်ကောက်ခံသည့် အခွန်အခဆိုင်ရာများအား ညှိနှိုင်းရေးဆွဲတင်ပြရေး၊ မြေအသုံးချမှု အစီရင်ခံစာများအား စုစည်းရယူ၍ ပြောင်းလဲဆောင်ရွက်သင့်သည့် မူဝါဒများကိုလေ့လာတင်ပြရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေး ထိခိုက်စေသည့်ကိစ္စရပ်များမရှိစေရန် လေ့လာစိစစ်ဆောင်ရွက်ရေး၊ မြို့ရွာဖွံ့ဖြိုးမှု စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့် ဆက်စပ်စီမံကိန်းများအား စိစစ်ရေးနှင့် လိုအပ်ပါက ကွင်းဆင်းစစ်ဆေးရေးတို့ဖြစ်ကြောင်း။

နှစ်တိုနှစ်ရှည် စိုက်ပျိုးမြေများ၊ စက်မှုဇုန်များ၊ မြို့ရွာကွက်သစ်များ၊ လယ်ယာမြေနှင့် စိုက်ပျိုးမြေနေရာ အသစ်များ၊ သောက်သုံးရေဖူလုံရေးအတွက် ရေဝေရေလဲနှင့်ရေထိန်းတောများ စသည့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိဆုံးဖြစ်စေမည့် ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ နိုင်ငံတော်၏ မျက်မှောက်တွင်သာမက အနာဂတ်အတွက်ပါ အကျိုးရှိဆုံးဖြစ်အောင် စနစ်တကျ အသုံးချရမည် ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ရွာများဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ စီမံခန့်ခွဲထားသော မြေအသုံးချမှုမူဝါဒကို ချမှတ်ထားနိုင်ခြင်း မရှိသေးသည့်အတွက် ဒေသခံပြည်သူများနှင့် စီမံကိန်းများအကြား မြေအသုံးချမှုဆိုင်ရာ အငြင်းပွားမှုများ(Land Use Conflicts) များ ကြုံတွေ့နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများ ဆောင်ရွက်နိုင်ရန်အတွက် မြေအသုံးချမှု မူဝါဒနှင့်မြေအသုံးချမှုစီမံခန့်ခွဲရေး (Land Use Management)တို့ကို စနစ်တကျ ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် မြေယာပြုပြင် ပြောင်းလဲရေး (Land Reform) ကို ဆောင်ရွက်ရန် အချိန်ကျရောက်ပြီဖြစ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နည်းအားဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး (Green Growth) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးမှာလည်း အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူတို့၏ မြေအသုံးချမှုလိုအပ်ချက် လူမှုစီးပွားဘဝ ခိုင်မာစေရေးတို့ကို အခြေခံပြီး ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေသော ဆောင်ရွက်မှုမျိုးဖြစ်စေရန် အလေးဂရုပြုရမည်ဖြစ်ကြောင်း၊ အဓိကအကျဆုံးနှင့် အရေးပါဆုံးလုပ်ငန်းတစ်ရပ်မှာ မြေပြင်တွင် လက်ရှိဖြစ်တည်အသုံးပြုနေသည့် ကိန်းဂဏန်းအချက်အလက်များ ရရှိရေးနှင့် တိကျသည့် စာရင်းဇယားများ ကောက်ယူပြုစုနိုင်ရေးဖြစ်ကြောင်း။

ကာကွယ်ထိန်းသိမ်း

မှန်ကန်သော အခြေအနေအပေါ် မူတည် ကောက်ယူပြုစုရရှိသော တိကျသည့် စာရင်းဇယားများကို အခြေခံ၍ တရားမဝင် ကျူးကျော်လုပ်ကိုင်နေသူများအား စုဖွဲ့နေရာချထားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် နယ်မြေများသတ်မှတ်သည့်နည်းတူ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မြေအသုံးချခွင့်ပေးနိုင်မည့် သစ်တောမြေ၊ မြေလွတ်မြေလပ်မြေရိုင်းနှင့် အစိုးရစီမံပိုင်ခွင့်ရှိသော မြေများကို စိုက်ပျိုးရေးနှင့် စက်မှုဆိုင်ရာလုပ်ငန်းများအတွက် ဖွံ့ဖြိုးရေးဇုန်များ စုဖွဲ့သတ်မှတ်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့သတ်မှတ်ထားသည့် ဇုန်များအပါအဝင် တည်ရှိနေသည့် မြေယာများအား ထပ်မံကျူးကျော်မှု မပြုလုပ်နိုင်ရေးကိုလည်း အလေးဂရုပြုကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

ကော်မတီမှ ဦးဆောင်ပြီး ပြည်တွင်းပြည်ပ ပညာရှင်များ၊ တတ်ကျွမ်းနားလည်သူများ၊ သက်ဆိုင်ရာဆက်စပ်ဌာန၊ အဖွဲ့အစည်းများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးပါက နိုင်ငံနှင့်ဒေသအကျိုးတို့ကို တိုးတက်ဖွံ့ဖြိုးစေပြီး အနာဂတ်ပတ်ဝန်းကျင်အခြေအနေကို ရေရှည်ကောင်းမွန်ဖွံ့ဖြိုးတိုးတက်စေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများအတွက် လိုအပ်သောမြေဧရိယာများကို စနစ်တကျ မြေယာခွဲဝေအသုံးချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရှင်းလင်းမှာကြား

လုပ်ငန်းစဉ်များ ပီပြင်ခိုင်မာစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံထည့်သွင်း ဖိတ်ကြားဆွေးနွေးညှိနှိုင်းသင့်သည့် ပညာရှင်များ ရှိသေးလျှင် အကြံပေးတင်ပြကြရေး၊ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီအောက်တွင် ဖွဲ့စည်းသင့်သည့် လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အမည်များနှင့် လုပ်ငန်းစဉ်ဇယား (Work Shedule)၊ အချိန်ဇယား (Time Line)တို့ကို အသေးစိတ်ဆွေးနွေးရေးတို့အား ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မြေယာခွဲဝေအသုံးချမှုစိစစ်ဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့် ထူးချွန်သားဖွားဆရာမ ရွေးချယ်ပွဲများတွင် ဆုရသူများစာရင်းကြေညာ

နေပြည်တော် ဇူလိုင် ၄

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဖိတ်ခေါ်ရောင်စုံ ဓာတ်ပုံပြိုင်ပွဲ၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့် ထူးချွန်သားဖွားဆရာမ ရွေးချယ်ပွဲများတွင် ဆုရရှိသူများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆု ဦးအောင်ကျော်ထွန်း- အောင်ကျော်ထွန်း (ပုသိမ်ကြီး) မြို့မရပ်ကွက် ပုသိမ်ကြီးမြို့နယ် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆု ဦးအေးလွင်ဦး-အေးလွင်ဦး ဓာတ်ပုံ-ဗီဒီယိုလုပ်ငန်း လမ်းမတော် ရမည်းသင်းမြို့ မန္တလေးတိုင်းဒေသကြီး၊ တတိယဆု ဦးလှိုင်သန်းတင့်-လှိုင်သန်းတင့်(ရွှေပန်းချီ-ရမည်းသင်း)လမ်းမတော် ရမည်းသင်းမြို့ မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်ကြသည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆု ဒေါက်တာဆန်းဝင်း(မေးရိုးနှင့်ခံတွင်းဆေးပညာ၊ ဘ-ဗိုလ်မှူးကြီးသာအေး(ငြိမ်း) အခန်း(၁၀၉) ဒုတိယထပ် (၂၈)လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆု ဒေါ်ယဉ်ယဉ်ဆွေ ဘ-ဦးတင်မြိုင် တိုက်-အေ-၂၊ အရာရှိရိပ်သာ ရန်ကင်းပညာရေးကောလိပ်၊ တတိယဆု ဦးကြည်ထွန်း ဘ-ဦးထွန်းကွန့် တိုက် (၂၇၄/၃၄) မင်္ဂလာသိဒ္ဓိရပ်ကွက် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်တို့ရရှိကြသည်။

ထူးချွန်သားဖွားဆရာမအဖြစ် ရွေးချယ်ခြင်းခံရသူများမှာ ဒေါ်နော်လားရှီး၊ ထီးပိုးကလိုးကျေးလက်ကျန်းမာရေးဌာန ငွေတောင်ကျေးလက်ကျန်းမာရေးဌာနခွဲ ဒီမောဆိုးမြို့နယ် ကယားပြည်နယ်၊ ဒေါ်နန်းနှင်းပွင့် ဆင်ဖြူအင်း ကျေးလက်ကျန်းမာရေးဌာန ကျွဲနွားတောက်ကျေးလက်ကျန်းမာရေးဌာနခွဲ ပြင်ဦးလွင်မြို့နယ် မန္တလေးတိုင်းဒေသကြီး၊ ဒေါ်ခင်လှရွှေ အလ္လကပ္ပကျေးလက် ကျန်းမာရေးဌာန ခြေရာတော်ကျေးလက်ကျန်းမာရေးဌာနခွဲ မြင်းမူမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒေါ်ယိမ်းထန်နမ့်တောင်းကျေးလက် ကျန်းမာရေးဌာနခွဲ မူဆယ်မြို့နယ် ရှမ်းပြည်နယ်(မြောက်)၊ ဒေါ်ခင်ခင်ရီ တာလေမြို့နယ်ခွဲ နားအွန်းကျေးလက်ကျန်းမာရေးဌာနခွဲ တာချီလိတ်မြို့ ရှမ်းပြည်နယ်(အရှေ့)တို့ဖြစ်ကြသည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ထူးချွန်သားဖွားဆရာမ ရွေးချယ်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဇူလိုင် ၁၁ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သင်္ဂဟဟိုတယ်၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနား၌ ဆုများချီးမြှင့်သွားမည်ဖြစ်ရာ ဇူလိုင် ၉ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ပတ်စ်ပို့ဓာတ်ပုံ သုံးပုံနှင့်အတူ လာရောက်သတင်း ပေးပို့ကြရမည်ဖြစ်သည်။ တိုက်ရိုက်လာကြမည့်သူများသည် နေပြည်တော်ကောင်စီ၊ မြို့တော်စည်ပင်သာယာရေးတည်းခိုဆောင်သို့ ဇူလိုင် ၉ ရက်တွင် လာရောက်သတင်း ပေးပို့ရမည်ဖြစ်သည်။ အစမ်းလေ့ကျင့်ခြင်းကို ဇူလိုင် ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ သိရှိလိုသည်များကို ဖုန်း-၀၆၇-၄၃၁၀၆၇နှင့် ၀၆၇-၄၃၁၃၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့အခမ်းအနား ပုသိမ်မြို့၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းကို ဖတ်ကြားသည်။ **(အပေါ်ပုံ)**

လက်ခံ

ထို့နောက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ဌေးမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က လက်ခံကြသည်။

ဆုများချီးမြှင့်

ယင်းနောက် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများချီးမြှင့်ရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နာယက၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တိုင်းဒေသကြီးအတွင်း သွေးလှူဒါန်းမှု အကြိမ်အများဆုံး ဆုရရှိသူ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးဆုရရှိသူ၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူ၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူ၊ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများတွင်ဆုရရှိသူများ၊ အားကစားပြိုင်ပွဲ အပါအဝင် ပြိုင်ပွဲအသီးသီး၌ ဆုရရှိခဲ့ကြသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစောဆုံးအမေရိကတိုက်မြေပုံ ရှားပါးကော်ပီ ဂျာမနီနိုင်ငံအတွင်း၌ တွေ့ရှိ

နယူးယောက် ဇူလိုင် ၄

အမေရိကတိုက် ပေါ်ထွန်းခြင်း အမှတ်အသားတစ်ရပ်ဖြစ်သည့် ၁၆ ရာစုက ရှားပါးအစောဆုံးအမေရိကမြေပုံမူပွားတစ်ခု **(အပေါ်ပုံ)**ကို ဂျာမနီနိုင်ငံအတွင်း တွေ့ရှိခဲ့သည်။

ထင်ရှားသောမြေပုံရေးဆွဲသူပညာရှင် ဟာတင်ဝဲလ်ဒ်ဆမ်မြူလာရေးဆွဲခဲ့သည့်မြေပုံဖြစ်သည်။ ၎င်းမြေပုံတွင်နယ်မြေသစ်တွေ့ရှိသည့် အမေရိကကုန်းမြေကို ပထမဆုံးနာမည်ရေးထိုးဖော်ပြထားပြီး မှတ်တမ်းမှတ်ရာများလည်း ဖော်ပြထားသည်။ ဝဲလ်ဆမ်မြူလာရေးဆွဲခဲ့သည့် အမေရိကတိုက်မြေပုံသည် မူပွားလေးစုံသာ ရှိသည်ဟု သိရသည်။ သို့သော်လည်း ဂျာမနီမြူးနစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ ယခုတွေ့ရှိသည့်မြေပုံမှာ ငါးခုမြောက်မူကွဲဖြစ်သည်ဟုဆိုသည်။ တွေ့ရှိထားသော မြေပုံသစ်ကို အချိန်ကာလဆီလျော်ခြင်းမရှိသည့် ၁၉ ရာစုခေတ်စာအုပ်တစ်အုပ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

"ယခုအမေရိကမြေပုံကို တည်းဖြတ်ရိုက်နှိပ်မှု နှစ်ကြိမ်ရှိခဲ့တယ်လို့ထင်ပါတယ်။ တကယ့်ကို အဖိုးအနဂ္ဃထိုက်တဲ့မြေပုံပါ။ ဒီလိုမြေပုံမျိုး နောက်ထပ် ထပ်တွေ့ရဖို့ အထောက်အထားများ ယခုအချိန်ထိ မတွေ့ရှိသေးပါ" ဟု လော့ဝင်မက်ဇီဗင်မီလန်းတက္ကသိုလ်မှ ပညာရှင်တစ်ဦးကပြောကြားသည်။

အဝါရောင်စာရွက်ပေါ်တွင် မင်အနက်ဖြင့် ရိုက်နှိပ်ထားသော အဆိုပါမြေပုံကို ဇူလိုင် ၄ ရက်တွင် ကျရောက်သည့် အမေရိကန်နိုင်ငံ လွတ်လပ်ရေးနေ့၌ အွန်လိုင်းမှတစ်ဆင့် လေ့လာသူများရရှိနိုင်ရန် ဂျာမနီသုတေသနပညာရှင်များက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

သဏ္ဍာန်ဆောင်ရန်သူ့တပ်စခန်းများကို အီရန်ပြည်တွင်းဖြစ်ဒုံးကျည်များဖြင့်ပစ်ခတ်လေ့ကျင့်

တီဟီရန် ဇူလိုင် ၄

အီရန်အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်များ (အိုင်အာရ်ဂျီစီ)က ရန်သူ့တပ်စခန်းအတုများဖန်တီးပြီး ပြည်တွင်းဖြစ်ဒုံးကျည်များဖြင့်ပစ်ခတ်ကာ စစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၃ ရက်က စတင်ပြုလုပ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

အီရန်နိုင်ငံမြောက်ပိုင်း ဆင်နန်သဲကန္တာရအတွင်းမှ ရန်သူ့လေတပ်စခန်းဟုသတ်မှတ်သည့် တပ်စခန်းအတုများကို ဇူလိုင် ၃ ရက်က စစ်ရေးလေ့ကျင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သရုပ်ဖော်ထား

ပြည်တွင်းဖြစ်ဒုံးကျည်များဖြစ်သည့် ရှာဟက်၊ ထွန်ဒါ၊ ဖာတက်နှင့် ဇယ်ဇာအမျိုးအစားဒုံးကျည်များကို စမ်းသပ်ပစ်ခတ်ရန် ရန်သူ့စခန်းများကို တစ်ရက်ကြိုတင်၍ ပြင်ဆင်သရုပ်ဖော်ထားရသည်ဆို၏။ **(အင်တာနက်)**

ဆွစ်ဇာလန်တွင် နိုင်ငံခြားသားတောင်တက်သမားငါးဦး မီတာ ၄၀၀၀ ကျော်မြင့်သည့်တောင်ပေါ်မှ ပြုတ်ကျသေဆုံး

ဂျီနီဗာ ဇူလိုင် ၄

ဆွစ်ဇာလန်နိုင်ငံအနောက်တောင်ပိုင်းရှိ မီတာ ၄၀၀၀ ကျော်မြင့်သည့် တောင်တစ်တောင်ကို တက်ရောက်သည့် တောင်တက်သမားငါးဦး ဇွန် ၃ ရက်က ပြုတ်ကျသေဆုံးမှုဖြစ်ကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြသည်။



ဗဲလ်လိစ်ဒေသရှိ မီတာ ၄၀၁၀ အမြင့်ရှိ လာဂျင်ဟွန်းတောင်ထိပ် **(ဝဲပုံ)**သို့ တက်ရောက်ခဲ့သည့် တောင်တက်သမားများသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီဝန်းကျင်၌ တောင်ထိပ်မှ မီတာ ၁၀၀ ခန့်အောက်သို့ မတော်တဆ ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း နယ်မြေခံရဲဝန်ထမ်းများက ပြောကြားသည်။

ခြောက်ဦးပါ တောင်တက်သမားတစ်စုသည် ယင်းနေ့နံနက်ပိုင်းကစတင်၍ တောင်ပေါ်တက်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့အနက်မှ တစ်ဦးမှာ တောင်ထိပ်သို့ မရောက်မီ ကိုယ်လက်မအီမသာဖြစ်လာသဖြင့် ရပ်နားခဲ့သည်ဟုဆိုသည်။ ကျန်ကံခေသူငါးဦးတို့က ဆက်လက်တက်သွားခဲ့ခြင်းဖြစ်ပြီး တောင်ထိပ်သို့ရောက်ရှိခဲ့ကြသည်။

၎င်းတို့ငါးဦး တောင်အောက်ပြန်ဆင်းချိန်တွင် မတော်တဆပြုတ်ကျခဲ့ကြခြင်းဖြစ်ပြီး ကျန်ရစ်သောတောင်တက်သမားက ရဲကိုလှမ်းအကြောင်းကြားခဲ့ခြင်းဖြစ်သည်။

တောင်တက်စဉ် အဖြစ်ဆိုးကြုံခဲ့ရသူ တောင်တက်သမားအားလုံးမှာ နိုင်ငံခြားသားများဖြစ်ကြကြောင်း၊ ယခုမတော်တဆမှုနှင့်ပတ်သက်ပြီး မည်သို့ဖြစ်ပွားခဲ့ရသည်ကို ဂဃနဏ မသိရှိရသေးကြောင်း ရဲဝန်ထမ်းများက ပြောကြားသည်။ **(အင်တာနက်)**

တူရကီစစ်လေယာဉ်များပုံးကြဲ ပီကေကေလက်နက်ကိုင် ၂၅ ဦးသေဆုံး

အင်ကာရာ ဇူလိုင် ၄

တူရကီစစ်လေယာဉ်များသည် အီရတ်နိုင်ငံမြောက်ပိုင်းမှ ပီကေကေ လက်နက်ကိုင်များ ခိုအောင်းသည့်နေရာများကို ဗုံးကြဲတိုက်ခိုက်သည်။ **(ဝဲပုံ)**

ပီကေကေလက်နက်ကိုင်များ ခိုအောင်းသည့်နေရာများကို ထောက်လှမ်းပြီးနောက် သုံးနေရာကိုပစ်မှတ်ထား တိုက်ခိုက်ချေမှုန်းခြင်းဖြစ်သည်ဟု တူရကီစစ်ဌာနချုပ်က ဇူလိုင် ၃ရက်တွင် ကြေညာသည်။

ပီကေကေစခန်းများကို တူရကီလေကြောင်းမှ တိုက်ခိုက်မှုကြောင့် လက်နက်ကိုင် ၂၅ ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိသွားကြောင်း တူရကီစစ်ဘက်က ကြေညာသည်။ **(အင်တာနက်)**

သီရိလင်္ကာတွင် အမေရိကန်ဒေါ်လာ ၃သန်းကျော်ကုန်ကျသည့် အပူပိုင်းဇုန်ရုက္ခဥယျာဉ် ဖွင့်လှစ်မည်

ကိုလံဘို ဇူလိုင် ၄

သီရိလင်္ကာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးစည်ပင်သည့် တောင်ပိုင်းဆိပ်ကမ်းခရိုင် ဟမ်ဘန်တိုတာ၌ အပူပိုင်းဇုန်ရုက္ခဥယျာဉ်ဖွင့်လှစ်ရန်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၄ရက်တွင်ပြောကြားသည်။ ဆိပ်ကမ်းသစ်များ၊ လေဆိပ်များနှင့် ကမ္ဘာကျော်ထင်ရှားသော ဟိုတယ်များဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့် ဟမ်ဘန်တိုတာခရိုင်တွင် ၎င်းအပူပိုင်းဇုန်ရုက္ခဥယျာဉ်ကို ဖွင့်လှစ်မှာဖြစ်ကြောင်း အမျိုးသားရုက္ခဥယျာဉ်များဌာန၏ ညွှန်ကြားရေးမှူးချုပ်က ပြောကြားခြင်းဖြစ်သည်။ သီရိလင်္ကာနိုင်ငံ အနောက်ပိုင်းပြည်နယ်တွင် နောက်ဆုံးရုက္ခဗေဒဥယျာဉ်ကို ဗြိတိသျှအုပ်စိုးစဉ်ကာလ ၁၈၇၆ ခုနှစ်အတွင်းက တည်ဆောက်ထားခဲ့သည်။ မြေဧက ၃၀၀ အကျယ်အဝန်းပေါ်တည်ဆောက်ထားသည့် ၎င်းအပူပိုင်းဇုန်ရုက္ခဥယျာဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်ရေး ရည်မှန်းထားကြောင်း ရုက္ခဥယျာဉ်များဌာန ညွှန်ကြားရေးမှူးချုပ် စီဂျီဆန်ဒရာက ပြောကြားသည်။ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ သန်းအကုန်အကျခံ တည်ဆောက်သည့် အဆိုပါဥယျာဉ်တွင် အပူပိုင်းဒေသရာသီဥတုနှင့်သင့်တော်သော ဒေသရင်းအပင်များနှင့် အရွက်ဖားဖားရှိသောအပင်များကို စိုက်ပျိုးထားမည်ဖြစ်ကြောင်း၊ ဆေးဖက်ဝင် အပင်မျိုးများစွာ၊ ရှားပါးသစ်ပင်များနှင့် သီရိလင်္ကာအပူပိုင်းနယ်မြေများတွင် ပေါက်ရောက်လေ့ရှိသည့် အပင်များကိုလည်း ပျိုးထောင်ထိန်းသိမ်းရန် ရည်ရွယ်ကြောင်းလည်း ညွှန်ကြားရေးမှူးချုပ် စီဂျီဆန်ဒရာကပင် ပြောကြားခဲ့သည်။

(အင်တာနက်)

ကဘူးလ်မြို့ဓာတ်ငွေ့ရည်ကန် မီးလောင်မှုဖြစ်ပွား

ကဘူးလ် ဇူလိုင် ၄

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အရှေ့ပိုင်း ပတ်တီယာကော့တ်အရပ်၌ ဇူလိုင် ၄ ရက်က ဓာတ်ငွေ့ရည်လှောင်ကန်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆေးဂျစ်ဆေးဒီဂျီက ပြောကြားသည်။ အဆိုပါ ဓာတ်ငွေ့ရည်ကန်မီးလောင်မှုမှာ ဓာတ်ငွေ့ကုမ္ပဏီတစ်ခု၏ ဓာတ်ငွေ့ရည်လှောင်ကန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းဖြစ်ပွားမှုသည် မတော်တဆဖြစ်ရခြင်းသာ ဖြစ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှု မဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။ **(ယာပုံ)**

ထိခိုက်ဒဏ်ရာရရှိ

အသေးစိတ်အချက်အလက်များကို စုံစမ်းစစ်ဆေးပြီးနောက် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ယင်းဖြစ်စဉ်ကြောင့် ထိခိုက်သေကျေပျက်စီးမှုများရှိကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးစားမီးငြိမ်းသတ်လျက်ရှိကြောင်း ဒေသခံများက ပြောကြားသည်။ ကဘူးလ်မြို့၌ အလားတူဖြစ်စဉ်တစ်ခု လွန်ခဲ့သောနှစ်ရက်ကျော်က ဖြစ်ပွားခဲ့ကြောင်း၊ ယခင်ကဖြစ်စဉ်တွင် ဈေးမီးလောင်မှုဖြစ်ပြီး သုံးဦးသေဆုံးကာ ၂၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၄-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

အီတလီပထမဆုံးအမျိုးသမီးအာကာသယာဉ်မှူး ၂၀၁၄ တွင် အာကာသအတွင်းစေလွှတ်မည်

နိုင်ငံတကာ အာကာသစခန်းမစ်ရှင်အဖွဲ့က အာကာသတွင်း ကာလရှည်ခရီးစဉ်တစ်ခုအတွက် အီတလီအမျိုးသမီးအာကာသယာဉ်မှူးတစ်ဦးကို ပထမဦးဆုံးအကြိမ်အဖြစ် စေလွှတ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဇူလိုင် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။ လာမည့် ၂၀၁၄ တွင် ဥရောပအာကာသအေဂျင်စီမှ ဆာမင်သာ ခရစ္စတိုဖော်ရက်တီ (Samantha Cristoforetti) အမည်ရှိ အမျိုးသမီးအာကာသယာဉ်မှူးကို ကာဇက်စတန်ရှိ ဘိုင်ကိုနော့အာကာသလွှတ်တင်ရေးစခန်းမှ ဆိုယုဇ်အာကာသယာဉ်တစ်စင်းဖြင့် အာကာသအတွင်း စေလွှတ်မည်ဖြစ်ကြောင်း ရောမမြို့ရှိ အီတလီအာကာသရေးရာဌာနမှ ထုတ်ပြန်ကြေညာသည်။ အီတလီလေတပ်တွင် ဗိုလ်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည့် အသက် ၃၅ နှစ်အရွယ် အာကာသယာဉ်မှူး ခရစ္စတိုဖော်ရက်တီသည် ယခုအချိန်တွင် ဆိုယုဇ်အာကာသ ယာဉ်ပေါ်တွင် စက်ရုပ်အသုံးချမှုများ၊ အာကာသယာဉ်ဆိုင်ရာနည်းစနစ်များနှင့် အာကာသအတွင်း လမ်းလျှောက်ခြင်းများကို လေ့ကျင့်နေပြီဖြစ်သည်။ သူမသည် နိုင်ငံတကာ အာကာသယာဉ်စခန်းတွင် ခြောက်ဦးမြောက် နိုင်ငံတကာအာကာသယာဉ်မှူးအဖြစ် ခြောက်လမှ ခုနစ်လအထိ လုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်သည်။ (အပေါ်ပုံ)

ခရိုအေးရှားတောင်ပိုင်း ရေပြင်၌ ရွက်လှေတစ်စင်းကယ်ဆယ်ခဲ့ရ

ခရိုအေးရှားနိုင်ငံတောင်ပိုင်း ဒူဘရော့ဗ်နစ်ဆိပ်ကမ်းမြို့သို့ ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းက မျောပါလာသည့် တရားမဝင် ဝင်ရောက်လာသူ ၆၅ ဦးအား တင်ဆောင်လာသော ရွက်လှေတစ်စင်းကို ခရိုအေးရှားကမ်းခြေစောင့်တပ်က ကယ်ဆယ်ခဲ့ရကြောင်း အင်တာနက်သတင်းတွင်ဖော်ပြပါရှိသည်။ အဆိုပါရွက်လှေသည် အီဂျစ်၊ ဆီးရီးယား၊ ဆိုမာလီနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ တရားမဝင် ဝင်လာသူများအား တင်ဆောင်လာပြီး အီတလီသို့သွားသည့် ရေလမ်းကြောင်းမှ မောင်းနှင်လာစဉ် စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် ခရိုအေးရှားနိုင်ငံ မီဂျက်ကျွန်းတောင်ပိုင်း ပယ်လယ်ရေပြင်၌ မျောပါနေခဲ့ခြင်းဖြစ်ကြောင်း ခရိုအေးရှားအာဏာပိုင်များက ပြောကြားသည်။ ယင်းသတင်းအားရရှိပြီးနောက် ခရိုအေးရှားကမ်းခြေစောင့်တပ်ဖွဲ့မှ ဖြစ်ပွားရာနေရာသို့ ကူးတို့ရေယာဉ်တစ်စင်းစေလွှတ်ပေးခဲ့ပြီး လူအားလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ ဖျော်ဖြေတင်ဆက်မည့် ကကြိုး၊ ကကွက်များကို သင်ကြားလေ့ကျင့်

နေပြည်တော် ဇူလိုင် ၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေတင်ဆက်မှုများတွင် နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်း ၂၄ ကျောင်းမှ ပါဝင်ဆောင်ရွက်ကြမည့် ကျောင်းသူကလေးများ၏ ကကြိုး၊ ကကွက်များကို သက်ဆိုင်ရာကျောင်းများအလိုက် လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ပျဉ်းမနားမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းတို့မှ ကျောင်းသူကလေးများ၏ ကကြိုး၊ ကကွက်များ လေ့ကျင့်ဆောင်ရွက်မှုကို ယနေ့မွန်းလွဲပိုင်းတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးဆပ်ကော်မတီအတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျိုက္ကလီမြို့နယ်ခွဲ၌ ကျင်းပ

ကျိုက္ကလီ ဇူလိုင် ၄

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို သံတွဲခရိုင် ကျိုက္ကလီမြို့နယ်ခွဲ အမှတ်(၃)ရပ်ကွက် မဟာဝိဟာရဘုန်းတော်ကြီးကျောင်းအနီး မြေကွက်လပ်၌ ဇူလိုင် ၂ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ခွဲ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြစန္ဒာအောင်နှင့် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးလှဝင်းတို့က သစ်ပင်စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

စိုက်ပျိုး

ထို့နောက် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးမျိုးသန်းထိုက်နှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီနှင့် အရိပ်ရအပင်များ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်

နေပြည်တော် ဇူလိုင် ၄

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှေ့ဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပေါင်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၀၁ လက်မနှင့် ဘီးလင်းမြို့တွင် ၁ ဒသမ ၈၅ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့အလင်း — အမှတ်မထင်သတင်းမြင်ကွင်း

မိုးတွေကရွာ ရေတွေကလျှံ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အနိမ့်ပိုင်းရပ်ကွက်များနှင့် လမ်းအများအပြားတွင် ရေကြီးရေလျှံမှု ဖြစ်ခဲ့သည်။ အထူးသဖြင့် ကမာရွတ်မြို့နယ် ဗဟိုလမ်းနှင့် အနောက်အောင်မြေသာစည်လမ်းမကြီးဆုံရာတွင် ရေကြီးရေလျှံမှုဆိုးရွားစွာ ဖြစ်ပေါ်ခဲ့သည်။ **(အပေါ်ပုံ)** ရေကြီးရေလျှံမှုဖြစ်ပွားစဉ် မော်တော်ယာဉ်များ၊ လမ်းသွားလမ်းလာများ၊ ကျောင်းသား ကျောင်းသူများအားလုံး လမ်းအသုံးပြုမှု နာရီပိုင်းမျှ ကြန့်ကြာနှောင့်နှေးမှုဖြစ်ခဲ့သည်ကို ဖော်ပြလိုက်ပါသည်။ **(မြန်မာ့အလင်း)**

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

မြန်မာအမျိုးသမီးများနေ့အခမ်းအနား စမ်းချောင်း၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၄

၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ အထက(၂)တွင် ဇူလိုင် ၃ ရက် နံနက်က ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက ဂုဏ်ပြုအမှာစကားပြောကြားပြီးတိုင်းဒေသကြီးအတွင်းမှ သာသနာရေးဆိုင်ရာဂုဏ်ထူးဘွဲ့ထူးရသူများနှင့် ကဏ္ဍအသီးသီး၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား တာဝန်ရှိသူ အသီးသီးတို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၄၂)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ထီးလင်း၌ကျင်းပ

ထီးလင်း ဇူလိုင် ၄

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက်က ထီးလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ပတ်ဝန်းကျင်နေရာများ၌ ကျင်းပသည်။ အဆိုပါ သစ်ပင်စိုက်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တော ဦးစီးဌာနဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မန်ကျည်းပင် ၅၀၀၊ ကုက္ကိုပင် ၅၀၀နှင့် ယူကလစ်ပင် ၇၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၁၀၁)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ယူ-၁၉ ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အင်္ဂလန်တို့သရေကျပြီး စပိန်တို့နိုင်ပွဲရရှိ

လန်ဒန် ဇူလိုင် ၄

*ယူ-၁၉ ဥရောပချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဇူလိုင် ၄ ရက် နံနက်က ကျင်းပရာ အုပ်စု(ခ)မှ အင်္ဂလန်နှင့် ခရိုအေးရှားတို့ပွဲတွင် တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ **(ယာပုံ)***

အင်္ဂလန်အသင်းသည် ခရိုအေးရှားအသင်းကို သရေပွဲဖြစ်အောင် ကြိုးစားကစားခဲ့ရသည်။ ခရိုအေးရှားအသင်းအတွက် ဦးဆောင်ဂိုးကို ဒုတိယပိုင်းပွဲချိန် ၅၇ မိနစ်၌ ပါဗီစီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်တို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန်မိနစ် ၆၀၌ ရှာလိုဘက်က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး အနိုင်ဂိုး မသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ကာ တစ်မှတ်စီခွဲယူခဲ့ခြင်းဖြစ်သည်။ ထို့အတူ အုပ်စု(ခ)မှ ဆားဘီးယားနှင့် ပြင်သစ်တို့ပွဲတွင် ပြင်သစ်တို့က သုံးဂိုးပြတ်အနိုင်ရရှိသွားခဲ့သည်။ ဆက်လက်ပြီး အုပ်စု(က)မှ ဂရိနှင့် စပိန်တို့ပွဲတွင် စပိန်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ စပိန်တို့ ပထမပိုင်းပွဲချိန် အတွင်း၌ပင် ဦးဆောင်ဂိုးနှစ်ဂိုးသွင်းယူထားနိုင်ခဲ့သည်။ စပိန်အတွက်ပထမ ဦးဆောင်ဂိုးကို ပွဲချိန် မိနစ် ၃၀ ၌ ရိုဒရီဂွက်ဇ်က သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် မိနစ်



၄၀ တွင် အိုဆီဒီက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ အုပ်စု(က) ဒုတိယပွဲစဉ်အဖြစ် အက်စ်တိုး နီးယားနှင့် ပေါ်တူဂီတို့ပွဲတွင် ပေါ်တူဂီက သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ပေါ်တူဂီအတွက် ဂိုးများကို ပွဲချိန်၅မိနစ်၌ ပစ်ခ်ကတစ်ဂိုး၊ ပွဲချိန် ၂၆ မိနစ်၌ ဘက်တီနိုက တစ်ဂိုးနှင့်ပွဲချိန် ၇၂ မိနစ်၌ မာတင်က တစ်ဂိုးသွင်းယူခဲ့ကြခြင်း ဖြစ်သည်။ ***(အင်တာနက်)***

လန်ဒန်အိုလံပစ်အားကစားပွဲ၏ ဘောလုံးပြိုင်ပွဲ စပိန်အသင်းကစားသမားများစာရင်းထုတ်ပြန်

မက်ဒရစ် ဇူလိုင် ၄

ဇူလိုင် ၂၇ရက်၌ စတင်ကျင်းပမည့် ၂၀၁၂လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲ၏ဘောလုံးပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ရန် စပိန်အသင်းက ဘောလုံးသမား ၂၂ ဦး၏အမည်စာရင်းကို ဇူလိုင် ၄ ရက်တွင် ထုတ်ပြန်လိုက်ပြီဖြစ်သည်။

သွင်းယူပေး

ယခုထုတ်ပြန်လိုက်သည့် စပိန်ဘောလုံးသမား ၂၂ဦးစာရင်းတွင် မကြာမီ က ယူရို ၂၀၁၂ဖလားရယူခဲ့သည့် ဘောလုံးအသင်းမှကစားသမားအချို့ ပြန်လည် ပါဝင်လာသည်။ ယင်းတို့မှာ ဂျော်ဒီအယ်လ်ဘာ၊ ဂျွန်မာတာနှင့် မာတီနက်စ်တို့ ဖြစ်သည်။ အယ်လ်ဘာမှာယူရို ၂၀၁၂၌ စပိန်နှင့် အီတလီ၏ နောက်ဆုံးဗိုလ်လုပွဲ၌ ဒုတိယဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။ စပိန်အိုလံပစ် ဘောလုံးအသင်းနည်းပြ မီလာက ရွေးချယ်လိုက်သော ဘောလုံးသမား ၂၂ဦးစာရင်း တွင် မန်ယူဂိုးသမား ဒီဂီရာ၊ ဗီလာရီးရဲမှ မာရီနို၊ ဘင်ဖီကာမှ ရိုဒရီဂို၊ ဘာစီလိုနာမှ ခရစ္စတင်းတီလို၊ မွန်တာယာ၊ အယ်ကင်တာရာ စသည့်ကစားသမားများလည်း ပါဝင်ကြသည်။ **(အင်တာနက်)**

ဖီဖာအဆင့်သတ်မှတ်ချက်များထုတ်ပြန် အင်္ဂလန်အသင်း စတုတ္ထနေရာရောက်ရှိ

လန်ဒန် ဇူလိုင် ၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ကမ္ဘာ့ဘောလုံးအဆင့်သတ်မှတ်ချက်အရ အင်္ဂလန် ဘောလုံးအသင်းသည် ကမ္ဘာ့အဆင့်လေးနေရာသို့ တက်ရောက်လာကြောင်း ဇူလိုင် ၄ ရက်၌ ဖော်ပြသည်။

အင်္ဂလန်ဘောလုံးအသင်းသည် မကြာမီကပြီးဆုံးခဲ့သည့် ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ၌ ကွာတားဖိုင်နယ်အထိ တက်ရောက်ခဲ့သဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် တိုးမြှင့်လာခြင်း ဖြစ်သည်။ အင်္ဂလန်အသင်း၏ယခင်ကမ္ဘာ့အဆင့်သတ်မှတ်ချက် သည် အဆင့်ခြောက်ဖြစ်သည်။ ယူရို ၂၀၁၂၌ ဗိုလ်စွဲခဲ့သော စပိန်အသင်းသည် ကမ္ဘာ့အဆင့်တစ်နေရာ၌ ရပ်တည်နေပြီး ၂၀၁၄ကမ္ဘာ့ဖလားဘောလုံးပွဲကို အိမ်ရှင်အဖြစ် ကျင်းပမည့် ဘရာဇီးအသင်းမှာ အဆင့် ၁၁ သို့ ကျဆင်းသွားသည်။ ဂျာမနီအသင်းမှာကမ္ဘာ့အဆင့် ဒုတိယနေရာသို့ရောက်ရှိလာပြီး ဥရုဂွေးအသင်းမှာ တတိယဖြစ်လာသည်။ ပေါ်တူဂီအသင်းမှာ ပဉ္စမအဆင့်မှာရှိနေပြီး အီတလီအသင်းမှာ ဆဋ္ဌမနေရာ၌ရှိနေသည်။ **(အင်တာနက်)**

မြန်မာ့အလင်း — ဘ၀အမောပြေ

ဝမ်းသာတယ် — **အာကာဟိန်း–ရေးသည်**

ငွေကြေးလိမ်လည်မှုဖြင့် တရားရုံးသို့ရောက်ရှိပြီး အမှုရင်ဆိုင်နေရသူအား တရားသူကြီးက အမိန့်ချမှတ်လေသည်။

တရားသူကြီး ။ ။ မောင်မင်း ငွေကြေးလိမ်ခဲ့တယ်နော်··။

တရားခံ ။ ။ ဟုတ်ကဲ့. .။

တရားသူကြီး ။ ။ ဒါဆိုရင် ··အပြစ်ရှိကြောင်းဝန်ခံတယ်ပေါ့။

တရားခံ ။ ။ ဟုတ်ကဲ့. .။

တရားသူကြီး ။ ။ ကဲ··တရားရုံးကအမိန့်ချမယ် မောင်မင်းနားထောင်ပါ··။

တရားခံ ။ ။ ဟုတ်ကဲ့. .။

တရားသူကြီး ။ ။ မောင်မင်းလိမ်လည်ယူထားတဲ့ ငွေကြေးတွေ တရားရုံးက ပြန်ပေးဖို့ အမိန့်ချမှတ်လိုက်တယ်··။

တရားခံ ။ ။ အိုး. . ဝမ်းသာလိုက်တာ . . တရားသူကြီးမင်း။

တရားသူကြီး ။ ။ ဘာဖြစ်လို့လဲ···။

တရားခံ ။ ။ တရားရုံးကငွေတွေ လျော်ပေးမယ်ဆိုတော့. . ကျွန်တော်မပေးရတော့ဘူးပေါ့နော်. . ။

တရားသူကြီး ။ ။ "ဘာကွ"။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ကော်မရှင်ရုံး၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ နှစ်ရှည်သီးနှံ ပိန္နဲပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများက နှစ်ရှည်သီးနှံ စိန်တစ်လုံးသရက်ပင်များ၊ ပိန္နဲ၊ မာလကာနှင့် ပန်းအလှပင် ခရာဝါပင်များအား စုပေါင်းစိုက်ပျိုးကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကံ့ကော်ပင် စိုက်ပျိုးပေး

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦး ခင် မောင်စိုး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

မိုးရာသီ သစ်ပင်စိုက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦး တင် အေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် နှစ်ရှည် သီးနှံ ပိန္နဲပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း/အမှုထမ်းများက သတ်မှတ်နေရာများ၌ သစ်ပင်များကို စိုက်ပျိုးကြသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ငုရွှေ၊ စိန်ပန်းကြီး၊ စွယ်တော်၊ ပိတောက်၊ ပန်းမဲဇလီ၊ မဲဇလီ၊ တမာ၊ ကုက္ကို၊ ရင်းမာ၊ အော်ရီးရှား၊ မန်ကျည်း၊ ရေတမာနှင့် ကံ့ကော် စသည့်ပျိုးပင် ၁၇၅၀ ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်၊ ဒီဂရီ ကောလိပ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ (မုံရွာဇုန်)ဖွင့်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ(မုံရွာဇုန်)ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးတက္ကသိုလ်အသင်းနှင့် မုံရွာစီးပွားရေးတက္ကသိုလ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီး ဦးစိန်ဝင်းက တိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်မြေစာရင်း ဦးစီးမှူးများ၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးနှင့် တာဝန်ရှိသူအသီးသီးတို့က လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

နေပြည်တော် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် တပ်ကုန်းမြို့ အမှတ်(၁) ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ ခရိုင်သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဆန်းမြင့်ထွန်းနှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကျွန်း၊ ခရေ၊ ငုရွှေ၊ စွယ်တော်၊ ဆီသပြေ၊ တမာ၊ ရှား၊ မဟော်ဂနီ၊ ရင်းမာ စုစုပေါင်းအပင် ၄၀၀ ကို စိုက်ပျိုးပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (ဝ၂၁)

ကျောင်းသားနှင့် လေ့လာရေးခရီးစဉ်

မောင်မောင်ထွေး(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယကကြီး ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး သူရဦးရွှေမန်းတို့၏ ဂျပန်နိုင်ငံခရီးစဉ်နှင့် အိန္ဒိယသမ္မတနိုင်ငံခရီးစဉ်များသို့ သတင်းမီဒီယာတာဝန်ဖြင့် ကျွန်တော်လိုက်ပါဖူး၏။

မေ့ပျောက်၍ မရနိုင်သောမြင်ကွင်းများအနက် ဂျပန်နိုင်ငံဒိုင်းယက်လွှတ်တော်နှင့် အိန္ဒိယသမ္မတနိုင်ငံရှိ အထက်လွှတ်တော်နှင့်အောက်လွှတ်တော်များသို့ ကျောင်းသားလူငယ်များ လာရောက်လေ့လာနေမှုပုံရိပ်လည်း ပါဝင်၏။ နောင်တစ်ခေတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းအမွေဆက်ခံကြမည့် မျိုးဆက်သစ်လူငယ်များကို ငယ်စဉ်ကတည်းက ပုံကြမ်းသွန်းလောင်းပေးခြင်း အစီအစဉ်တစ်စိတ်တစ်ပိုင်းလည်း ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့နိုင်ငံရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များသို့လည်း ကျောင်းသား လူငယ်များအတွက် လေ့လာရေးခရီးအဖြစ် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါက ကောင်းလေစွ။

ထိုသောအခါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးတို့၏ လွှတ်တော်အစည်းအဝေးများ ဦးဆောင်ကျင်းပနေမှုကို မျိုးဆက်သစ်ကျောင်းသား လူငယ်များ မျက်မြင်ကိုယ်တွေ့ကြည့်ရှုခွင့်ရခြင်းဖြင့် အားကျအတုယူလာကြပေလိမ့်မည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ နိုင်ငံ့အရေးဆွေးနွေးတိုင်ပင်နေမှုများကို မျက်မြင်ကိုယ်တွေ့ ကြည့်ရှုခွင့်ရခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ချင်လာကြပေလိမ့်မည်။ လေ့လာရေးခရီးစဉ်မှ တွေ့မြင်ခဲ့ရသော ငယ်ဘဝအိပ်မက်များကို အချိန်တန်လူလားမြောက်အရွယ်ရောက်သော် လက်တွေ့ကြိုးပမ်းဆောင်ရွက်ကြပေလိမ့်မည်။

ဒီမိုကရေစီခေတ်တွင် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူ၊ နာယကဂုဏ်ခြောက်ပါးနှင့်ညီညွတ်သူ၊ ပညာဉာဏ်ကြီးမားရင့်ကျက်သူ၊ အရည်အချင်းပြည့်ဝသူ၊ ရိုးသားကြိုးစားသူတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အနာဂတ်တွင် ပခုံးပြောင်းတာဝန်ထမ်းဆောင်ရမည့်အခွင့်အရေးကိုယ်စီ ရှိကြမည်မဟုတ်လော။

သို့မို့ကြောင့် ကျောင်းသားလူငယ်များအတွက် လေ့လာရေးခရီးစဉ်များသည် များစွာအကျိုးရှိလှပေသည်။ ကျွန်တော်တို့ ငယ်စဉ်ကျောင်းသားဘဝတွင်မူ လေ့လာရေးခရီးစဉ်လွန်စွာနည်းပါးခဲ့သည်။ မှတ်မှတ်ရရပဉ္စမတန်းကျောင်းသားဘဝတွင် ပဲခူးဘုရားစုံ ဖူးခြင်းခရီးစဉ်တစ်ခုသာ သွားခဲ့ဖူး၏။ လေ့လာရေးခရီးစဉ် အစစ်တစ်ခု မဟုတ်ခဲ့သော်လည်း ကလေးဘဝတွင် ပထမဆုံးခရီးဝေးတစ်ခုဖြစ်ခဲ့၍ ဒေသန္တရဗဟုသုတတော့ရခဲ့၏။

အကယ်၍များ ငယ်စဉ်ဘဝက ကျောင်းသင်ခန်းစာထဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်၊ အင်ကြင်းတို့ကို ကျွန်တော်တို့ နှုတ်တိုက် ရွတ်ဆိုနေရခြင်းထက် လေ့လာရေးခရီးစဉ်တွင် "ကျွန်းပင်က ဒါပဲ၊ ဒီမြေမျိုးမှာ ဖြစ်ထွန်းတယ်၊ ဘယ်လိုအသုံးဝင်တယ်၊ ဒီကျွန်းသစ်တွေကို လိုချင်လို့ ဒို့နိုင်ငံဟာ နယ်ချဲ့တွေရဲ့ တတိယအကြိမ်ကျူးကျော်စစ်ကိုခံခဲ့ရပြီး မြန်မာတွေ တိုင်းတစ်ပါးသား လက်အောက်ရောက်ခဲ့ရဖူးတယ်"ဟူ၍များ လေ့လာရေးခရီးစဉ်တွင် လက်တွေ့နှင့်ယှဉ်၍ သင်ကြားနိုင်ခဲ့ပါမူ ပိုမို၍ ခရီးရောက်ပေလိမ့်မည်။

အလားတူ ပတ္တမြား၊ နီလာ၊ ပုလဲ၊ ကျောက်စိမ်းစသည့် မြန်မာ့တွင်းထွက်သယံဇာတများသင်ခန်းစာ မသင်ကြားမီ ကျောက်မျက်ပြတိုက်သို့ လေ့လာရေးခရီးစဉ်တစ်ခေါက်ရောက်ခဲ့ပါမူ စာတွေ့နှင့် လက်တွေ့သဘောတရားကို အခြေခံပညာအဆင့်မှပင် ပေါင်းစပ်လေ့လာနိုင်ပေလိမ့်မည်။

ထို့အတူ သမိုင်းသင်ခန်းစာများ သင်ကြားစဉ် သီဟာသနပလ္လင်အပါအဝင် ရှေးမြန်မာမင်းတို့၏ အသုံးအဆောင်များကို အမျိုးသားပြတိုက်အတွင်း လေ့လာခွင့်ရခဲ့ပါက ဘာသာရပ်အပေါ်ပို၍ စိတ်ပါဝင်စားလာပေလိမ့်မည်။

အကယ်၍များ ကျွန်တော်သာ ကျောင်းဆရာတစ်ဦးဖြစ်ခဲ့ပါမူ သမိုင်းဘာသာရပ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်၊ ဆိုးသောသမိုင်းနှင့် ကောင်းမွန်သောသမိုင်းများ၏ ဒွန်တွဲဖြစ်တည်မှု၊ ကမ္ဘာ့သမိုင်းဖြစ်စဉ်တွင် သမိုင်းဆိုးများနှင့် သမိုင်းကောင်းများကို ဖန်တီးခဲ့ကြသော လူပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများ၊ သမိုင်းရာဇဝင်ကို သင်ကြားရုံသာမဟုတ် အနာဂတ်တွင် နိုင်ငံနှင့်လူမျိုးအတွက် သမိုင်းကောင်းများကို မျိုးဆက်သစ်များကိုယ်တိုင် ထုဆစ်ဖန်တီးနိုင်ခွင့်ရှိမှု၊ အနိမ့်ဆုံးအားဖြင့် မိမိဘဝ သမိုင်းမရိုင်းရအောင် ကြိုးပမ်းတည်ဆောက်နိုင်မှုတို့ကို လေ့လာရေးခရီးစဉ်အတွင်း ဟောပြောသင်ကြားမိပေလိမ့်မည်ဟု စိတ်ကူးယဉ်မိပါသေးသည်။

သို့ဖြစ်ရကား ယခုမျက်မှောက်ကာလတွင် ကျောင်းသားလူငယ်များအတွက် လေ့လာရေးခရီးစဉ်များကို ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ပေးနိုင်ပါက မြန်မာပညာရေးလောကနှင့် နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိပေလိမ့်မည်ဟု ကျွန်တော်ထင်မြင်ယူဆမိပါသည်. . .။ ။

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ကန်ကြီးထောင့်မြို့နယ်ရှိ ရပ်ကွက်များ၌ဆောင်ရွက်

ကန်ကြီးထောင့် ဇူလိုင် ၄

မိုးကာလသို့ရောက်ရှိလာပြီဖြစ်ရာ မိုးကာလနှင့်အတူ သွေးလွန်တုပ်ကွေးရောဂါများသည်လည်း မြို့နယ်အချို့တွင် ဖြစ်ပွားလာတတ်သည်။ ထို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့ပေါ်ရှိ ရပ်ကွက်များအတွင်းရှိ နေအိမ်များနှင့်စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ မြို့နယ်ဆရာဝန် ဒေါက်တာကျော်မျိုးလှိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းနှင့်အဖွဲ့ဝင်များက ရေတွင်း၊ ရေကန်များအတွင်း ဆေးခတ်ခြင်း**(အောက်ပုံ)**၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

5-7 (06).pmd 1 7/5/2012, 3:03 AM

အရည်အသွေးနှင့် အပင်ပေါက်နှုန်း ရာနှုန်းပြည့်အာမခံနိုင်သည့် မျိုးကောင်းမျိုးသန့်များထုတ်လုပ် စိုက်ပျိုးချိန်မီ တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးရန်လိုအပ်

နေပြည်တော် ဇူလိုင် ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သစ်ယာကုန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ ကွင်းအမှတ် (၁၆၀၄)ရှိ တောင်သူ ဦးစိန်ဌေး၏ တစ်ဆက်တစ်စပ်တည်း မြေပဲဧက ၅၀ စိုက်ကွင်းသို့သွားရောက်ပြီး ရက် ၆၀ သက်တမ်းရှိ ရေဆင်း ၁၁ မိုးမြေပဲစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံ၏ တစ်ဆက်တစ်စပ်တည်း ၁၆၂ ဧက စိုက်ကွင်း၌ အစေ့ထုတ်ပြောင်းသီးနှံ၊ နေကြာသီးနှံ၊ ပဲတီစိမ်းသီးနှံများ မျိုးစေ့ထုတ် စိုက်ပျိုးထားရှိမှုများနှင့် စိုက်ကွင်းအနီးရှိ မျိုးစေ့သန့်စင်စက်နှင့် သီးနှံမျိုးစေ့များ သိုလှောင်ထားရှိသည့်ဂိုဒေါင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စည်ပင်ကျေးရွာအနီးရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနခြံဧက ၂၀၀ စိုက်ကွင်း **(အပေါ်ယာပုံ)**သို့ ရောက်ရှိသည်။

စပ်မျိုးနေကြာသီးနှံ တစ်ဧက မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းမှ ၂၅ တင်း ထွက်ရှိနိုင်ပြီး မျိုးစေ့တစ်တင်းလျှင် ငါးဧက စိုက်ကွက်အတွက် မျိုးစေ့လုံလောက်ကြောင်း၊ တစ်ဧက မျိုးစေ့ထုတ်စိုက်ခင်းမှ ၁၂၅ ဧကအတွက် မျိုးစေ့လုံလောက်စွာ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက ပန်းများစတင်ပွင့်နေသည့် အဖိုလိုင်း၊ အမလိုင်း မျိုးစေ့ထုတ်စိုက်ကွင်းကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် စိုက်ကွင်းများသို့ ရောက်ရှိစစ်ဆေးစဉ် ပညာရှင်များအား သုတေသနလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးနှင့် တောင်သူများလက်ဝယ်အရောက် မျိုးစေ့များ ဖြန့်ဖြူးနိုင်ရေး အသေးစိတ်ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်သမ္မတ၏ သုတေသနလုပ်ငန်းများ ဓာတ်ခွဲခန်းမှ လယ်ကွင်းထဲ ပို့ဆောင်ရေး (From Lab to Farm) လုပ်ဆောင်ရေး လမ်းညွှန်ချက်နှင့်အညီ ပညာရှင်များက သုတေသနပြုလုပ်ရာမှ ရရှိသည့်မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးချိန်အမီ တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးရန် လိုအပ်ကြောင်း။

စိုက်ပျိုးပြသ

အရည်အသွေးနှင့် အပင်ပေါက်နှုန်းကို ရာနှုန်းပြည့်အာမခံနိုင်သည့် မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်ပြီး တောင်သူများ ကုန်ကျငွေနှင့် အသားတင်ဝင်ငွေ အကျိုးအမြတ်တွက်ခြေကိုက်မှုကို စံနမူနာပြစိုက်ကွင်းများ ထူထောင်ပြီး ဒေသအလိုက် လက်တွေ့စိုက်ပျိုးပြသရန် လိုအပ်ကြောင်း။

လက်တွေ့ပညာပေး

စီးပွားရေး တွက်ခြေကိုက်ပါက တောင်သူများ၏ စိုက်လိုအားနှင့် သီးနှံထုတ်လုပ်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည့်အတွက် တစ်ဧကကုန်ကျစရိတ်နှင့် စီးပွားရေးတွက်ခြေကိုက်မှုကို အခြားသီးနှံများနှင့် နှိုင်းယှဉ်ပြီး လက်တွေ့ပညာပေး စည်းရုံးရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်နှင့် နှစ်စဉ်လိုအပ်လျက်ရှိသော စားသုံးဆီဖူလုံရေးကို ကျန်းမာရေးနှင့် အလွန်ကိုက်ညီသည့် နေကြာသီးနှံမှ နေကြာဆီထုတ်လုပ်ရေးစီမံချက်ဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း။

တစ်ဧကမှ ထွက်ရှိမည့် နေကြာဆီအနေဖြင့် စားသုံးဆီသန့်ပိဿာ ၂၀၀ ကျော် ထွက်ရှိနိုင်သည့်အတွက် တစ်နှစ်လူတစ်ဦး လေးပိဿာနှုန်းဖြင့် မိသားစု ၅၀ စုအား ဖူလုံစေမည်ဖြစ်သည့်အတွက် အမှန်တကယ် ဆီစားသုံးနိုင်သည့် အသက်အပိုင်းအခြားနှင့် တွက်ချက်၍ စားသုံးဆီဖူလုံရေးကို စီမံချက်ရေးဆွဲ၍ လက်တွေ့ အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်တွင် နှစ်စဉ် နေကြာသီးနှံစိုက်ဧက နှစ်သန်းကျော်ရှိသည်ကို ပိုမိုတိုးချဲ့စိုက်ပျိုးခြင်းနည်းလမ်း၊ တစ်ဧကအထွက်တိုးအောင် မျိုးပြောင်းလဲခြင်းနည်းလမ်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် တောင်သူများ ဝင်ငွေတွက်ခြေကိုက်အောင် ဆောင်ရွက်ပေးခြင်းနည်းလမ်းများဖြင့် စိုက်ဧကများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၁ ရက်က အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို မအူပင်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ ဦးစီးအရာရှိ ဦးသက်နိုင်က သမဝါယမနေ့အကြောင်း ရှင်းလင်းပြောကြားစဉ်။ (သမဝါယမဦးစီးဌာန)

ကွင်းဆင်းဆောင်ရွက်

ဇွန် ၂၉ ရက်က စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက်တွင် မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးခိုင်နှင့် ဝန်ထမ်းများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (၀၀၇)

ကျောက်မဲ၌ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေး

ကျောက်မဲ ဇူလိုင် ၄

ကျောက်မဲမြို့ အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရေးအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးအောင်သွင်ဦးနှင့်ဝန်ထမ်းများက မိုးပွင့်စီမံချက်အဆင့်(၃)အရ ဇွန် ၂၇ ရက်က ကွင်းဆင်းဆောင်ရွက်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းမောင်နှင့် ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလှိုင်တို့ လုပ်ငန်းလိုအပ်ချက်များကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မှတ်သားဖွယ်ရာ မိုးရေချိန် ၄-၇-၂၀၁၂

ပေါင်မြို့	၂ ဒသမ	၃၆ လက်မ
ကျောက်တော်မြို့	၂ ဒသမ	၂၈ လက်မ
ဘားအံမြို့	၂ ဒသမ	၁၇ လက်မ
ကျောက်ဖြူမြို့	၂ ဒသမ	၀၁ လက်မ
ဘီးလင်းမြို့	၁ ဒသမ	၈၅ လက်မ

ဆက်သွယ်ရေးဆိုင်ရာစနစ်များအကြောင်း ရှင်းလင်း

ရန်ကုန် ဇူလိုင် ၄

ယနေ့ကာလတွင် ကမ္ဘာနှင့်အဝန်းသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ တစ်ရှိန်ထိုး တိုးတက်လာလျက်ရှိသည်။ အိုင်တီခေတ်သို့ ရောက်ရှိလာသော ယနေ့ကာလတွင် လူငယ်များသည် ဆက်သွယ်ရေးနည်းပညာအသစ်များကို လေ့လာအသုံးပြုလျက် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အိုင်တီလုပ်ငန်းဆိုင်ရာ ကုမ္ပဏီများကလည်း ဆက်သွယ်ရေးဆိုင်ရာ နည်းပညာသစ်များကို လူငယ်များနှင့် စဉ်ဆက်မပြတ် ချိတ်ဆက် ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။ မကြာသေးသောကာလ ဇွန် ၂၈ ရက်ကလည်း Panasonic System Asia Pacific နှင့် TT Engineering Co., Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် တယ်လီဖုန်းဆက်သွယ်ရေးဆိုင်ရာ PABX System TDA-100 D ရှင်းလင်းပွဲကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယမ်ဟိုတယ်၌ကျင်းပခဲ့သည်။ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး၊ စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးကျော်စိုး၊ Panasonic ကုမ္ပဏီမှ ဒါရိုက်တာ Mr.Yamadasan နှင့် TT Engineering ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဝင်းအောင်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီးနောက် TT Engineering Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးမျိုးဝင်းအောင်က TT Engineering Co., Ltd. အကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Panasonic ကုမ္ပဏီမှ ဒါရိုက်တာ Mr. Yamadasan က မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဝင်းအောင်အား Authorized Distribution Certificate ကို ပေးအပ်သည်။ အခမ်းအနားတွင် တာဝန်ရှိသူတို့က ခေတ်မီသောနည်းစနစ်မျိုးစုံပါဝင်သည့် PABX System TDA-100 D အကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (၁၆၈)

မြန်မာ့အလင်း မှုခင်းသတင်း

ပုသိမ်-မုံရွာကားလမ်းမပေါ်၌ မော်တော်ယာဉ်တစ်စီး ချောက်ထဲထိုးကျ

ပန်းတောင်း ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရေကျော်အုပ်စု ရွှေပြည်သာကျေးရွာ(လယ်တီကွက်သစ်) အနီး ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်တွင် ဇူလိုင် ၂ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က မော်တော်ယာဉ်တစ်စီး လမ်းဘေးသို့ထိုးကျခဲ့သည့် ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်ပွားပုံမှာ ကျောင်းဦးကျေးရွာနေသူ မကေသွယ်(ဘ)ဦးစိုးဝင်း၏ မီးသွေးများတင်ရန် ရေကျော်ကျေးရွာသို့အသွား ယာဉ်မောင်း ကိုကျော်မင်းနိုင်မောင်းသည့် ၈၂/-ဟီးနိုးကားကို ကိုဇော်(ဘ) ဦးတင်ဝင်း ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်စဉ် မော်တော်ကားမှာ ပုသိမ်-မုံရွာ ကားလမ်းမကြီး၏ အရှေ့ဘက်ရှိ ချောက်ထဲသို့ ထိုးကျသွားခြင်းဖြစ်ကြောင်း သိရှိရသည်။ (၁၇၀)

တူမီးသေနတ်တစ်လက်နှင့် ဘိန်းစိမ်းများ ကလေးမြို့နယ်၌ ဖမ်းဆီးရမိ

ကလေး ဇူလိုင် ၄

ဇူလိုင် ၂ရက် နံနက် ၁၀ နာရီခွဲက ကလေးခရိုင် ဒုစရိုက်နှိမ်နင်းရေးခေါင်းဆောင် ဒုရဲအုပ် စိုးနောင်၊ ကလေးရဲတပ်ဖွဲ့စခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်ဇေယျာလှိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကလေးမြို့နယ် နန်းဗဟိုရ်ကျေးရွာအရှေ့ဘက်ရှိ ဇော်ဝင်းပိုင်ယာတဲအား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာတွင် ယာတဲအောက်ဘက် ကြက်ခြံအတွင်းမှ Shachongling တံဆိပ်ပါ အနီရောင်ခြင်ဆေးဘူးအတွင်းမှ ကော်ဖီမစ်အခွံဖြင့် ထည့်ထားသော ၁၄ ဒသမ ၃ ဂရမ်ခန့်စီပါ ဘိန်းစိမ်းသုံးထုပ်၊ ၈ ဒသမ ၂ ဂရမ်ပါ တစ်ထုပ် စုစုပေါင်း ၅၁ ဒသမ ၁ ဂရမ် (ကာလပေါက်ဈေး ငွေကျပ်၆၀၀၀၀) နှင့် ဘိန်းရှူရာတွင်အသုံးပြုသော ဘိန်းပြောင်းတစ်ခု၊ တူမီးသေနတ်တစ်လက်နှင့် ခဲသီး ၁၆ လုံးတို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသဖြင့် ယာတဲပိုင်ရှင် ဇော်ဝင်းအား ဥပဒေအရ အရေးယူနိုင်ရန် ကလေးရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။ (၁၆၅)

နေအိမ်ပေါ်တက်၊ ဓားထောက်အရက်ဖိုးငွေတောင်းသူအား အရေးယူ

ပျဉ်းမနား ဇူလိုင် ၄

ပျဉ်းမနားမြို့တွင် မိန်းကလေးများရှိသော အိမ်ပေါ်သို့ အရက်သေစာသောက်စားမူးယစ်ပြီး အိမ်ရှင်အား ဓားထောက်၍ အရက်ဖိုးငွေ တောင်းရမ်းသူတစ်ဦးကို အရေးယူမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင်၂ ရက် ည ၁၁နာရီခန့်က ပျဉ်းမနားမြို့ ဉယျာဉ်စုရပ်ကွက် (၂)လမ်း အိမ်အမှတ် ၁၂၃ တွင် နေထိုင်သော ဒေါ်ဝင်းရွှေ၏နေအိမ်ပေါ်သို့ အမျိုးသားတစ်ဦး ရောက်ရှိလာပြီး ဒေါ်ဝင်းရွှေ၏ အိပ်ခန်းအတွင်းသို့ ဝင်လာကာ ဒေါ်ဝင်းရွှေအား အသင့်ပါလာသော ဓားရှည်ဖြင့်ထောက်ကာ အရက်ဖိုးငွေကျပ် ၅၀၀၀ ပေးရန် တောင်းဆိုခဲ့သဖြင့် ကြောက်လန့်ပြီး ငွေကျပ် ၅၀၀၀ ပေးခဲ့ရသည်။

ထိုသို့ငွေတောင်းခံသူမှာ တစ်ရပ်ကွက်တည်းနေထိုင်သူ ဇေယျာဝင်း (၃၂)နှစ် (ဘ) ဦးစိုးဝင်း ကျပန်းလုပ်သား ဖြစ်ကြောင်းသိရ၍ ဇေယျာဝင်းအား အရေးယူပေးပါရန် ပျဉ်းမနားရဲစခန်းမှ တိုင်တန်းသဖြင့် ရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။ (၁၅၄)

ဆင်ဆာမဲ့ ဗီဒီယိုခွေများ သိမ်းဆည်းရမိ

ရေး ဇူလိုင် ၄

မွန်ပြည်နယ် ရေးမြို့တွင် ဇူလိုင် ၄ ရက် နံနက် ၁၁ နာရီခွဲက ရန်ကြီးအောင်ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် နတ်မောက်လမ်းထောင့်ရှိ ဗီဒီယိုခွေ အငှားဆိုင်တစ်ဆိုင်ကို တရားမဝင် ဆင်ဆာမဲ့ခွေများ ရောင်းချနေကြောင်းသတင်းရရှိသဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် နိုင်ဝင်းသိန်းနှင့်အဖွဲ့သည် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ သက်သေများနှင့်အတူ အဆိုပါဆိုင်အား ဝင်ရောက်ရှာဖွေရာ တရားမဝင် ဆင်ဆာမဲ့ မြန်မာသီချင်းခွေ ၁၅၀၊ နိုင်ငံခြားဇာတ်လမ်းခွေ ၇၈ ချပ်ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် တရားမဝင်ရောင်းချနေသူ ဒေါ်လှဝင်း ၄၆နှစ်အား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

◆ *ကျောဖုံးမှ*

(လေး) မိမိတို့လွှတ်တော်၏လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာတို့နှင့် သတင်းမီဒီယာများ၏ ဝေဖန်အကြံပြုမှု၊ ထိန်းကျောင်းပေးမှုကိုလည်း နားလည်လက်ခံဆောင်ရွက်ကြရန်။

(ငါး) **“ပြည်သူ့အသံ-လွှတ်တော်အသံ” “ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ” “ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်”** ဆိုသော လွှတ်တော်ဆောင်ပုဒ်နှင့်အညီ ပြည်သူ့သဘောထား၊ ပြည်သူ့ဆန္ဒများကို ရယူပြီး ပြည်သူ့အကျိုးပြုဥပဒေများ၊ ပြည်သူ့အကျိုးကာကွယ်စောင့်ရှောက်မည့် ဥပဒေများ အမြန်ပေါ်ပေါက်ရေး ဆောင်ရွက်ရန်နှင့် လက်တွေ့ နယ်ပယ်တွင် အမှန်တကယ် ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ရန်နှင့် နိုင်ငံနှင့်တစ်ဝန်းတရားဥပဒေ စိုးမိုးမှုရှိစေရေးကို စောင့်ကြည့်ထိန်းညှိကူညီရန် တိုက်တွန်းတင်ပြခဲ့ပါကြောင်း။

လွှတ်တော်လုပ်ငန်း တာဝန်များ အောင်မြင်စွာ ဆောင်ရွက်ရေးသည် လွှတ်တော်ကော်မတီများအပေါ် များစွာတည်ပါကြောင်း၊ မူလကော်မတီ(၄) ရပ်ရှိခဲ့ပါကြောင်း၊ လိုအပ်ချက်အရကော်မတီ(၁၉)ရပ် ထပ်မံဖွဲ့ခဲ့ရပါကြောင်း၊ ထို့ပြင် လွှတ်တော်နှင့် လွှတ်တော်ကော်မတီများကို အထောက်အကူပြုမည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကိုလည်း ထပ်မံဖွဲ့စည်းခဲ့ပါကြောင်း။

ယင်းကော်မရှင်၏ အဓိကရည်ရွယ်ချက်မှာ-

တည်ဆဲဥပဒေများအား လေ့လာသုံးသပ်ပြီး နိုင်ငံနှင့်နိုင်ငံသားများအတွက် အကျိုးစီးပွား မဖော်ဆောင်နိုင်သော၊ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မှုမပြုနိုင်သော ဥပဒေများအား ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုရန်နှင့် နိုင်ငံနှင့်နိုင်ငံသားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော ဥပဒေအသစ်များ ပြဋ္ဌာန်းပေးနိုင်ရေးအတွက် လွှတ်တော်နှင့် လွှတ်တော်ကော်မတီများအား အကြံပြုပေးရန်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းဆက်သွယ်ရေး နည်းပညာစသော ကိစ္စရပ်များ ပေါ်ပေါက်လာပါက လွှတ်တော်ဥက္ကဋ္ဌက အကြံပြုချက် တောင်းခံလာလျှင် ယင်းကိစ္စရပ်များ လေ့လာသုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရန် ဖြစ်ပါကြောင်း။

ယခုအထိ လေ့လာထားရသလောက် တည်ဆဲဥပဒေများ ပြင်ဆင်ရေး၊ ပယ်ဖျက်ရေးနှင့် အသစ်ပြဋ္ဌာန်းရေးအတွက် အရေအတွက်နှင့် ပမာဏတော်တော်များပါကြောင်း၊ ထို့အတူ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် ပြည်သူတစ်ရပ်လုံးက လိုက်နာဆောင်ရွက်ရေးနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းကူညီဆောင်ရွက်ရေး လုပ်ငန်းကြီးတို့သည်လည်း လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအပေါ်တွင် တာဝန်ရှိနေပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်အသီးသီး၏ မှန်ကန်မွန်မြတ်သောစေတနာနှင့် ပြည့်ဝသောအရည်အချင်းဖြင့် လုပ်ဆောင်မှုများများစွာလိုအပ်နေဦးမည် ဖြစ်ပါကြောင်း။

ထပ်မံ ရောက်ရှိလာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ စိတ်ကောင်း စေတနာဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်မှုများကြောင့်လည်း လွှတ်တော်၏ စွမ်းဆောင်ရည် တိုးတက်လာပြီး လွှတ်တော်၏ ဂုဏ်သိက္ခာနှင့် ဂုဏ်အင်္ဂါလည်း ပိုမိုမြင့်မားလာလိမ့်မည်ဟုမျှော်လင့်ထားပါကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတွင် လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် အဓိကအခန်းမှ ပါဝင်နေရသည်ကို မိမိတို့အားလုံးက အသိနှင့်ယှဉ် သတိပြုဆင်ခြင်ဆောင်ရွက်နေရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို မှန်မှန်ကန်ကန်ဖော်ဆောင်၍ ကိုယ်စားလှယ်များ၏ တာဝန်၊ လွှတ်တော်၏ တာဝန်ကျေကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်းလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

မေးခွန်းများ မေးမြန်းဖြေကြားခြင်းကဏ္ဍ၌ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **“ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေအား နိုင်ငံတော်က ထုတ်ပြန်ပေးထားပြီးဖြစ်သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ခြင်းကို ဥပဒေနှင့်အညီ မည်သည့်အချိန်တွင် ဆောင်ရွက်စေမည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်တစ်ဝန်းလုံးရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများအတွက် ချီးမြှင့်ထောက်ပံ့ငွေနှင့် အုပ်ချုပ်ရေးမှူးရုံး အသုံးစရိတ်ထောက်ပံ့ငွေများ ချီးမြှင့်ထောက်ပံ့ပေးနိုင်ရေးအတွက် စီစဉ်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပြန်ကြေညာခြင်း၊ ဘဏ္ဍာငွေအတည်ပြုချက်များရရှိအောင် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးပါက အဆိုပါ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ရွေးချယ်တာဝန်ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ **“ဗဟိုဝန်ထမ်းတက္ကသိုလ်များသည် လက်ရှိနိုင်ငံတော်၏အခြေအနေများနှင့် ကိုက်ညီခြင်းမရှိပါသဖြင့် ပြုပြင်ပြောင်းလဲရန် သို့မဟုတ် ဖျက်သိမ်းရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက ယခုနိုင်ငံတော်၏ ခေတ်စနစ်နှင့် အုပ်ချုပ်မှုယန္တရား ပြုပြင်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ခြင်း၊ လိုအပ်သည်များကို အသစ်ဖြည့်စွက်ခြင်းများ အစဉ်တစိုက် ပြုလုပ်ပေးလျက်ရှိသည့်အတွက် “လက်ရှိနိုင်ငံတော်၏ အခြေအနေနှင့်ကိုက်ညီခြင်းမရှိ”ဟူသော ဝေဖန်မှုမှာ ကြောင်းကျိုးခိုင်လုံမှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့အချိန်အခါတွင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်း၌ပင် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးကို တိုးတက်မြင့်မားစေရန် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးတက္ကသိုလ်များ ဖွဲ့စည်းထူထောင်ထားရှိကြပါကြောင်း၊ အခြားနိုင်ငံများကိုမီရန် Capacity Building ကဏ္ဍကို အားပေးကြိုးပမ်းလုပ်ကိုင်ရမည့် ယခုအချိန်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုကို ဖျက်သိမ်းရန်အစီအစဉ်မရှိပါကြောင်းနှင့် ပို၍စွမ်းရည်ထက်မြက်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် ဝန်ထမ်းကောင်းများပီသစွာ အလုပ်အကျွေးပြုနိုင်မည့် နိုင်ငံ့ဝန်ထမ်းများပေါ်ထွက်လာစေရန်နှင့် ၎င်းတက္ကသိုလ်(၂)ခုကို နိုင်ငံတကာအဆင့်အတန်းမီအောင် ဖြည့်ဆည်းပံ့ပိုးပေးသင့်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အလားတူ ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင်၏ **“ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ မြစ်ချောင်းများအား လေလံဆွဲဝယ်ယူခြင်းများ ကင်းလွတ်ခွင့်ပြုနိုင်ပါရန် သက်ဆိုင်ရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက အစီအမံများ ဆောင်ရွက်ရန် ရှိ/မရှိ သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြည်ထောင်စုအစိုးရအနေဖြင့် မူဝါဒကိုသာ ဆောင်ရွက်ပေးနိုင်ပြီး ပြည်နယ်အစိုးရက လက်တွေ့လုပ်ငန်းပိုင်းကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးဖမ်းကွက် တင်ဒါလေလံရရှိသူနှင့် အခြေခံရေလုပ်သားများအကြား ငွေကြေးပြဿနာများ၊ လုပ်ငန်းခွင်နှင့် ပြဿနာများဖြစ်ပေါ်တိုင်း အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်း၍ နှစ်ဦးနှစ်ဖက်မျှတမှုရှိအောင်၊ ကျေလည်ပြေလည်မှုရှိအောင် အစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စီးပွားဖြစ်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မိရိုးဖလာဝမ်းစာ ရှာဖွေစားသောက်သူများအား ဘုံငါးဖမ်းကွက်အနေဖြင့် အခမဲ့ခွင့်ပြုပေးသည့် လက်ထွန်၊ ကိုင်းထောက်၊ ရင်းတွန်း၊ ယက်သဲ့၊ မြှုး၊ တိုင်ထောင်မြှုး စသည့်ငါးဖမ်းကိရိယာများဖြင့် ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေးအတွက် ရှာဖွေစားသောက်ခွင့်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပေါက်တောမြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ လေလံဆွဲဝယ်ခွင့်ပြုရေး/မပြုရေးသည် ရခိုင်ပြည်နယ်အစိုးရ၏ ရေချိုငါးဖမ်းလုပ်ငန်းဥပဒေအရ စီမံခန့်ခွဲမှုအတိုင်း ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က **“ကဏ္ဍအသီးသီးနှင့် နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများရေးဆွဲသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရန် အချိန်ကာလ သတ်မှတ်ပြီး သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဇူလိုင် ၆ ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီ အရောက် အမည်စာရင်းပေးပို့ကြရန် ဖြစ်ကြောင်းသိရသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းက ၂၀၁၂ခုနှစ်၊ တက္ကသိုလ်ပညာရေးဥပဒေကြမ်းကိုတင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးက ဖတ်ကြားရှင်းလင်းသည်။

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ **“အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ”** ကို တိတိကျကျဖော်ပြ၍ ဇူလိုင် ၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။

မှတ်တမ်းတင်ဆောင်ရွက်ခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၆-၅-၂၀၁၂ ရက်မှ ၂၃-၅-၂၀၁၂ရက်အထိ ဂျာမနီ၊ ဘယ်လ်ဂျီယန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ အင်္ဂလန်၊ ဒိန်းမတ်၊ နော်ဝေနိုင်ငံများသို့ သက်ဆိုင်ရာ ပါလီမန်အကြီးအကဲများ၏ ဖိတ်ကြားချက်အရ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ ဒေါက်တာဝင်းမြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦး ပါဝင်သော အဖွဲ့၏ ၁၅-၅-၂၀၁၂ ရက်မှ ၁၇-၅-၂၀၁၂ ရက်အထိ စင်ကာပူနိုင်ငံသို့ ပါလီမန်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၏ ၂၀-၅-၂၀၁၂ ရက်မှ ၂၆-၅-၂၀၁၂ ရက်အထိ ဩစတြေးလျနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်၊



တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဆွေခေါင်းဆောင်သော အဖွဲ့ဝင်(၂)ဦး၏ ၂၄-၅-၂၀၁၂ ရက်မှ ၂၅-၅-၂၀၁၂ ရက်အထိ တူရကီနိုင်ငံသို့ The Fifth International Parliamentarian's Conference on The Inplementation of ICPD Programme of Action (IPCI-2012)သို့ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို ခေါင်းဆောင်သော အဖွဲ့ဝင်(၆)ဦး၏ ၂၉-၅-၂၀၁၂ ရက်မှ ၅-၆-၂၀၁၂ ရက်အထိ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်းခေါင်းဆောင်သော အဖွဲ့ဝင်(၁၄) ဦး၏ ၆-၆-၂၀၁၂ ရက်မှ ၁၄-၆-၂၀၁၂ ရက်အထိ ဆွီဒင်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင် ဆောင်ရွက်သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ *ကျောဖုံးမှ*

ဘုန်းတော်ကြီး ပညာသင်ကျောင်းများ အပါအဝင် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၅ ဒသမ ၅ သန်းကျော်ကို ကျောင်းသုံးစာအုပ် အပြည့်အစုံနှင့် (ဗလာစာအုပ်)ခြောက်အုပ်စီကို ငွေကျပ် သန်းပေါင်း ၈၀၀၀ ကျော် အကုန်အကျခံဆောင်ရွက်ပေးခဲ့ကြောင်း။

ယခင်နှစ်ကလည်း နိုင်ငံတော်အစိုးရသည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်နိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူအားလုံးသို့ ကျောင်းသုံးစာအုပ် အပြည့်အစုံကို ငွေကျပ် သန်းပေါင်း ၁၈၃၅ သန်းကျော် အကုန်အကျခံ၍ အခမဲ့ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကလေးငယ်အားလုံး ကျောင်းနေလာနိုင်ရေးနှင့် ကျောင်းနေသည့်ကလေးတိုင်း မူလတန်းပညာ ပြီးမြောက်ရေးအတွက် မသင်မနေရ မူလတန်းပညာရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော် သမ္မတကြီးကလည်း အခြေခံပညာနှင့်အဆင့်မြင့်ပညာကဏ္ဍအလိုက် ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ရေးအစီအစဉ်ကို ယခု ပညာသင်နှစ်မှစ၍ မြို့နယ်အလိုက် ပညာရည်ထူးချွန်သည့် ကျောင်းသားကျောင်းသူများကို စစ်ဆေးရွေးချယ်ပြီး အလယ်တန်းပညာသင်ဆုအတွက် တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အထက်တန်းပညာသင်ဆုအတွက် တစ်လလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် သက်ဆိုင်ရာအခြေခံပညာအဆင့် ပြီးဆုံးသည်အထိ နှစ်စဉ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ပညာသင်နှစ်အထိ လေးနှစ်တာကာလအတွင်း ကျောင်းအသစ်များဖွင့်လှစ်ရန်၊ ကျောင်းများအဆင့်တိုးမြှင့်ဖွင့်လှစ်ရန်၊ လိုအပ်သည့် ဆရာ ဆရာမနှင့် ပညာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးရန်တို့ကို နိုင်ငံတော်သမ္မတကြီးက ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ယင်းသို့ကျောင်းအဆင့်နှင့် သင်ကြားရေးအဆင့်များ တိုးမြှင့်ဖွင့်လှစ်ပေးရာတွင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ အထက်တန်းကျောင်းခွဲနှင့် တွဲဖက်အထက်တန်းကျောင်း ၃၁၄ ကျောင်းကို အထက်တန်းကျောင်းအဆင့်သို့ လည်းကောင်း၊ တွဲဖက်အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်း ၄၅၀ ကို အထက်တန်းကျောင်းခွဲအဆင့်သို့လည်းကောင်း၊ အလယ်တန်းကျောင်းခွဲနှင့် တွဲဖက်အလယ်တန်းကျောင်း ၃၈၀ ကို အလယ်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ တွဲဖက်အလယ်တန်းကျောင်းနှင့် မူလတန်းလွန်ကျောင်း ၄၃၈ ကျောင်းကို အလယ်တန်းကျောင်းခွဲအဆင့်သို့ လည်းကောင်း၊ မူလတန်းကျောင်း ၁၃၇၃ ကျောင်းကို မူလတန်းလွန်ကျောင်းအဆင့်သို့လည်းကောင်း၊ မူလတန်းကျောင်းခွဲနှင့် တွဲဖက်မူလတန်းကျောင်း ၁၀၁၄ ကျောင်းကို မူလတန်းကျောင်းအဆင့်သို့ လည်းကောင်း၊တွဲဖက်မူလတန်းကျောင်း ၃၂၆ ကျောင်းကို မူလတန်းကျောင်းခွဲအဆင့်သို့လည်းကောင်း စုစုပေါင်း ၄၂၉၅ ကျောင်းကို နှစ်အလိုက် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်က အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက အဆိုပါကျောင်းများအတွက် ထပ်မံလိုအပ်မည့် စာသင်ခန်းများ၊ စာရေးခုံများ၊ သန့်စင်ခန်းများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ပါက နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းကို လျင်မြန်စွာမြှင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း။

ကျောင်းများ အဆင့်တိုးမြှင့်ပေးခြင်းဖြင့် နိုင်ငံတော်အနေဖြင့် ကျောင်းအားလုံးအတွက် ဆရာ ဆရာမ၊ အရာထမ်း ၆၉၅ ဦး၊ အမှုထမ်း ၁၉၇၇၀၊ ဝန်ထမ်း ၄၄၂၂ ဦး စုစုပေါင်း ၂၄၈၈၇ ဦးကို နှစ်အလိုက် တိုးချဲ့ခန့်အပ်သွားရမည်ဖြစ်ရာ ထပ်မံခန့်အပ်မည့် ဝန်ထမ်းများအတွက် တစ်လလျှင် လစာစရိတ်ငွေကျပ် ၁၃၄၀ ဒသမ ၇၆၂ သန်းနှုန်းဖြင့် တစ်နှစ်လျှင် ငွေကျပ် ၁၆၀၈၉ ဒသမ ၁၄၄ သန်း ပိုမိုကုန်ကျမည် ဖြစ်ကြောင်း။

အလယ်တန်းကျောင်းအုပ် ၂၂၃၁ ဦးကိုလက်ရှိလစာနှုန်း(၅၉၀၀၀-၁၀၀၀-၆၄၀၀၀) မှ (၁၀၀၀၀၀-၂၀၀၀-၁၁၀၀၀၀) နှုန်းသို့ လည်းကောင်း၊ မူလတန်းကျောင်းအုပ် ၃၆၁၆၈ ဦးကို လက်ရှိလစာနှုန်း (၅၃၀၀၀-၁၀၀၀-၅၈၀၀၀)မှ (၅၉၀၀၀- ၁၀၀၀-၆၄၀၀၀) နှုန်းသို့လည်းကောင်း၊ မူလတန်းပြဆရာဆရာမဦးရေ ၆၀၀၀၀ ကိုလည်း အလယ်တန်းပြရာထူးသို့လည်းကောင်း စိစစ်တိုးမြှင့်ခန့်ထားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများကိုလည်း လက်ရှိဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှ ညွှန်ကြားရေးမှူးအဆင့်သို့ လည်းကောင်း၊ ယခင်က မရှိသေးသည့် ခရိုင်ပညာရေးမှူးရုံးများကို တိုးချဲ့ဖွင့်လှစ်၍ ဒုတိယညွှန်ကြားရေးမှူးအဆင့်ဖြင့်လည်းကောင်း ခန့်အပ်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခရိုင် ၆၈ ခရိုင်ရှိသော်လည်း အချို့ခရိုင်များတွင် ခရိုင်ရုံးမထားဘဲ နီးစပ်ရာ ခရိုင်ပညာရေးမှူးက တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ခရိုင် ၅၂ ခရိုင်တွင်သာ ခရိုင်ပညာရေးမှူးရုံးများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိမြို့နယ်ပညာရေးမှူးများကိုလည်း လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် နိုင်ငံတော်သမ္မတကြီးက ခွင့်ပြုထားပြီး ဖြစ်ကြောင်း၊ ရာထူးအဆင့်တိုးမြှင့်ခန့်အပ်ရာတွင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းများကိုသာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက စိစစ်၍ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၏ သင်ကြားမှု၊ သင်ယူမှုလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေးနှင့် ထိရောက်စွာ ပညာသင်ကြားနိုင်ရေးအတွက် စီမံခန့်ခွဲမှုအဆင့်အလိုက် ပြည့်စုံလုံလောက်စွာ ဖြည့်ဆည်းခန့်ထားပေးနိုင်မည်ဖြစ်သဖြင့် လက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများ၊ ခရိုင်ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် အရာထမ်း ၄၂၀၊ အမှုထမ်း ၂၄၆၇ ဦး စုစုပေါင်း ၂၈၈၇ ဦးရှိရာမှ ထပ်မံတိုးချဲ့မည့် ပညာရေးမှူးရုံးများ၏ ဖွဲ့စည်းပုံဇယားအရ အရာထမ်း ၂၅၃၁ ဦး၊ အမှုထမ်း ၁၁၂၂၉ ဦး စုစုပေါင်း ၁၃၇၆၀ အထိ တိုးတက်လာမည် ဖြစ်ကြောင်း။

အခြေခံပညာထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူအင်အား တိုးတက်များပြားလာသဖြင့် စာစစ်လုပ်ငန်းများ ယခုထက်ပိုမိုစနစ်တကျဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံစာစစ်အဖွဲ့ကို မြန်မာနိုင်ငံစာစစ်အဖွဲ့ ဦးစီးဌာနအဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ဦးစီးဌာန၏ ဖွဲ့စည်းပုံဇယားအရ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း တိုးချဲ့ခန့်အပ်သွားမည် ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရခြင်းသည် နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အခြေပြုမိန့်ခွန်းတွင်ပါရှိသည့် ပညာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့် ပညာရေးဝန်ထမ်းများ၏ အရည်အချင်းနှင့် လူမှုစီးပွားရေးအဆင့်အတန်းမြင့်မားရေးဆိုသည့် လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် နိုင်ငံသားများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျောင်းသား ကျောင်းသူများသင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေး၊ စာရိတ္တဖွံ့ဖြိုးရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေးနှင့် နိုင်ငံ့သားကောင်းများအဖြစ် ပေါ်ထွန်းရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရန်ဖြစ်သော်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဝဏ်လွှာပေးပို့လာသဖြင့် ပြန်လည်ပေးပို့ရန် ဆုံးဖြတ်သည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်းက **“အမျိုးသားလွှတ်တော်၊ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်က လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်း”** အား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏သဘောတူညီချက်ရယူရာ သဘောတူညီသည့်အတွက် လွှတ်တော်ကလက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။ အဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး ဒုတိယနေ့အစည်းအဝေးကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၃)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

လုပ်ငန်းများ ယခုထက်ပိုမိုစနစ်တကျ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံစာစစ်အဖွဲ့ကို မြန်မာနိုင်ငံစာစစ်အဖွဲ့ ဦးစီးဌာနအဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ဦးစီးဌာန၏ ဖွဲ့စည်းပုံဇယားအရ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း တိုးချဲ့ခန့်အပ်သွားမည် ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရခြင်းသည် နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အခြေပြမိန့်ခွန်းတွင်ပါရှိသည့် ပညာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့် ပညာရေးဝန်ထမ်းများ၏ အရည်အချင်းနှင့် လူမှုစီးပွားရေးအဆင့်အတန်းမြင့်မားရေးဆိုသည့် လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် နိုင်ငံသားများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျောင်းသား ကျောင်းသူများသင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေး၊ စာရိတ္တဖွံ့ဖြိုးရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေးနှင့် နိုင်ငံ့သားကောင်းများအဖြစ် ပေါ်ထွန်းရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရန်ဖြစ်သော်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဝဏ်လွှာပေးပို့လာသဖြင့် ပြန်လည်ပေးပို့ရန် ဆုံးဖြတ်သည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်းက **"အမျိုးသားလွှတ်တော်၊ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်က လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်း"** အား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏သဘောတူညီချက်ရယူရာ သဘောတူညီသည့်အတွက် လွှတ်တော်ကလက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။ အဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး ဒုတိယနေ့အစည်းအဝေးကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၃)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦး အေး ကြူ မေး မြန်း ချက် များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၄

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။

ရှေးဦးစွာ (၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က အမှာစကားပြောကြားရာတွင် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ကျင်းပရေးဦးစီးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ယမန်နှစ် အာဇာနည်နေ့အခမ်းအနားဆောင်ရွက်ရာတွင် အစိုးရသစ်အဖွဲ့အနေဖြင့် ပထမဦးဆုံး ဆောင်ရွက်ရသည်ဖြစ်သကဲ့သို့ ဆောင်ရွက်ရသည့် ရက်ကာလသည်လည်း နီးကပ်စွာလုပ်ကိုင်ဆောင်ရွက်ခဲ့ရကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အခမ်းအနားကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယမန်နှစ်အတွေ့အကြုံများ ရှိပြီးဖြစ်သည့်အားလျော်စွာ ယခုနှစ်အခမ်းအနားကို ယမန်နှစ်က ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များအပေါ် အခြေခံပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုနှစ်တွင် ယမန်နှစ်ကထက် လာရောက်ဂါရဝပြုသူ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ လုံခြုံရေးကို အဓိကထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အာဇာနည်နေ့ အခမ်းအနားသည် နိုင်ငံတော် အခမ်းအနားဖြစ်သည်နှင့်အညီ ပြီးပြည့်စုံစွာ အောင်အောင်မြင်မြင် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ (၆၅) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက (၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားစနစ်တကျ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းစီမံချက်များ ဖွဲ့စည်းထားရှိမှုနှင့် ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ဆောင်ရွက်သွားမည့်လုပ်ငန်းအခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၆၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၅-၇-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၄၅	တေးဂီတအစီအစဉ်

ညပိုင်း

၅း၄၀	**မိုးလေသဝဖြစ်စဉ်များနှင့် လူထုအသိပညာပေး ပြန့်ပွားရေးဆွေးနွေးခန်း**
၆း၀၀	ညနေခင်းသတင်း
၆း၂၀	ပျော်ရွှင်သောနေ့ရက်များ **နှလုံးသားမှချစ်ပန်းချီ** (ဇာတ်သိမ်းပိုင်း)
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ
-	အစာလည်းဆေး၊ ဆေးလည်းအစာ
-	နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ့်နေ့ရက်များ** (အပိုင်း-၁၉)

သမဝါယမဖြင့် ပိုမိုတိုးတက်ကောင်းမွန်သော ကမ္ဘာတစ်ခုကို တည်ဆောက်ကြပါစို့

မြင့်အောင်မြင့် (ညွှန်ကြားရေးမှူး)

၂၀၁၂ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ဟာ အကြိမ်(၉၀)မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နဲ့ ကုလသမဂ္ဂက ကြီးမှူးကျင်းပတဲ့ (၁၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဖြစ်ပါတယ်။ ဒီနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့မှာ သတ်မှတ်ထားတဲ့ ဆောင်ပုဒ်ကတော့ **"သမဝါယမဖြင့် ပိုမိုတိုးတက်ကောင်းမွန်သော ကမ္ဘာတစ်ခုကို တည်ဆောက်ကြပါစို့"** ပဲ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က သမဝါယမစနစ်ဖြင့် ကမ္ဘာတစ်ဝန်းလုံး အကျည်းတန် အရုပ်ဆိုးစေတဲ့ဖြစ်စဉ်များကို တွန်းလှန်ဖယ်ရှားပစ်ပြီး ကောင်းမွန်တဲ့ ဖြစ်စဉ်များကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ကြဖို့ မီးမောင်းထိုး တပ်လှန့်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဒီဆောင်ပုဒ်ကို သတ်မှတ်ပေးရတဲ့ရည်ရွယ်ချက်များကတော့-

(က) သမဝါယမများသည် အသင်းသားများအပေါ် မည်သို့အကျိုးပြုကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်များနှင့် လူမှုရေးဖွံ့ဖြိုးရေးကို မည်သို့အထောက်အကူပြုကြောင်း ပိုမိုသိမြင် နားလည်လာစေရန်၊

(ခ) သမဝါယမဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်

(ဂ) သက်ဆိုင်ရာနိုင်ငံများမှ အစိုးရများအနေဖြင့် သမဝါယမအထောက်အကူပြုရန် လိုအပ်သောမူဝါဒများ ချမှတ်ပေးနိုင်ရေးများပင် ဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်ရဲ့ ဖော်ပြထားမှုအရ အာရှအရှေ့အလယ်ပိုင်းနိုင်ငံများ၊ အနောက်ဥရောပနိုင်ငံများတွင် သမဝါယမအသင်းများ ဖွံ့ဖြိုးအောင်မြင်နေလျက်ရှိကြပြီး အချို့ဖွံ့ဖြိုးဆဲနိုင်ငံများမှာတော့ သမဝါယမစနစ်ဟာ ပြည်သူများရဲ့ အသိအမှတ်ပြုခံရဖို့ရာ ကြိုးစားနေဆဲဖြစ်ကြပါတယ်။ တစ်ကမ္ဘာလုံးနဲ့ ချိုးပြီးပြောရမယ်ဆိုရင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံဟာ ၉၁ နိုင်ငံရှိပြီး သမဝါယမအဖွဲ့အစည်း Member Organization ၂၄၀ ရှိပြီး သမဝါယမ အသင်းသားပေါင်း သန်း ၁၀၀၀ ကျော်ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာသမဝါယမအသင်း၏ စီမံကွပ်ကဲမှုဖြင့် အတူတကွပူးပေါင်းလုပ်ဆောင်နေတဲ့ ကြီးကျယ်အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းစုစုပေါင်း ၃၀၀ ကျော်ရှိပြီး သမဝါယမအသင်းများရဲ့ စုပေါင်းရင်းနှီးငွေဟာ ၁ ဒသမ ၆ ဘီလီယံ ရှိပါတယ်။

တစ်နိုင်ငံလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို GDP (Gross Domestic Production) နဲ့ တိုင်းတာကြပါတယ်။ နိုင်ငံရဲ့ GDP ပမာဏကိုကြည့်ပြီး ချမ်းသာကြွယ်ဝမှုအဆင့်အတန်း(သို့) ဆင်းရဲနေသည့် အဆင့်အတန်းကို ခွဲခြားသိရှိနိုင်ကြပါတယ်။တကယ်တော့အဲဒီ GDP နှုန်းများဟာ ပြည်သူတွေရဲ့ ပကတိအခြေအနေနဲ့ တိုက်ရိုက်ဆက်စပ်မှုမရှိတာကို တွေ့ရပါတယ်။ GDP ပမာဏမြင့်မားသော်လည်း ပြည်သူလူထုအနေဖြင့် စိတ်ချမ်းမြေ့မှု၊ ဘဝလုံခြုံမှုတွေ လျော့နည်းနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ပြည်သူလူသားတွေရဲ့ ဘဝလုံခြုံမှုသက်သာ စိတ်ချမ်းမြေ့မှုတွေကို တိုင်းတာတဲ့စံနှုန်းတစ်ခုလိုအပ်လာပါတယ်။ ဒါကတော့ (Gross National Happiness) GNH ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့အခြေအနေကို GNH နဲ့ မဖြစ်မနေလိုက်နာတိုင်းတာကြဖို့ ကမ္ဘာ့ကုလသမဂ္ဂ(UN)၏ GA(General Assembly)မှ ဆုံးဖြတ်ထားပါတယ်။ ဒီ GNH မှာ အဓိကအခန်းကဏ္ဍကြီး (၈)ရပ်ကိုလည်း ဖွင့်ဆိုထားပါတယ်။

ယနေ့ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲမှုများ၊ ကျန်းမာရေးချို့တဲ့မှုများနဲ့ ဆင်းရဲမွဲတေမှုများကြောင့် ကမ္ဘာကြီးသည် ပြီးပြည့်စုံသည့်လူများ (Have)နှင့် ဆင်းရဲချို့တဲ့သူများ (Have Not)ဟူ၍ လူတန်းစား နှစ်လွှာရှိနေပါတယ်၊ တစ်ဖက်မှာ ဓနပစ္စည်းဥစ္စာများ အတောမသတ်စုဆောင်းကြလျက်ရှိပြီး တစ်ဖက်တွင် အတောမသတ်နိုင်သော ဆင်းရဲမှုများနှင့် ကြုံတွေ့လုံးထွေးလျက်ရှိပါတယ်။ ဒီလိုကွဲပြားခြားနားနေတဲ့ လူတန်းစားနှစ်လွှာကို ထိန်းညှိပေးဖို့လိုအပ်လှပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မဖွံ့ဖြိုးသေးသောနိုင်ငံတွေမှာ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းတွေဟာ ၂၀ ရာခိုင်နှုန်း ပတ်ဝန်းကျင်မှာ ရှိနေပါတယ်။ ဆင်းရဲနွမ်းပါးသူများအတွက် အရင်းအနှီးငွေကြေးထောက်ပံ့ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှု"နွံ"ထဲက တဖြည်းဖြည်းလွတ်မြောက်လာကြမှာ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှု များပြားလာခြင်းဟာ ကမ္ဘာကြီးရဲ့တိုးတက်မှုကို နောက်ပြန်ဆွဲချနေတာပဲဖြစ်ပါတယ်။

ကုလသမဂ္ဂ၏စီးပွားရေးနှင့်လူမှုရေးကော်မတီ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် Mr Shazukanq ကလည်း သမဝါယမအသင်းများ၏ ပြီး ပြည့်စုံပြီး လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကင်းမဲ့သည့် လုပ်နည်းလုပ်ဟန်များကြောင့် အစိမ်းရောင်စီးပွားရေး (Green economy)သို့ပြောင်းလဲလုပ်ကိုင်ရာတွင် အားသာမှုရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်မှာ ကျင်းပတဲ့ အထွေထွေညီလာခံမှာ ကြေညာခဲ့ပါတယ်။ အစိမ်းရောင်စီးပွားရေးဆိုတာဟာ ကမ္ဘာမြေရဲ့ ဂေဟစနစ်ကောင်းမွန်မှုကို ထိန်းသိမ်းထားနိုင်ပြီး အားလုံးအတွက် သင့်မြတ်သော အလုပ်အကိုင်များ ဖန်တီးနိုင်ပြီး လူ့ဘောင်လောကသာယာဝပြောရေးကို ပိုမိုဖြစ်ထွန်းစေမှာဖြစ်ပါတယ်၊ အစိမ်းရောင်စီးပွားရေးဟာ ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေနိုင်မယ့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒလည်း ဖြစ်ပါတယ်။

Mr Shazukanq ဆိုခဲ့သလိုပါပဲ အစိမ်းရောင်စီးပွားရေးစနစ်ကိုကူးပြောင်းဖို့ GNH လို့ခေါ်တွင်တဲ့ တစ်မျိုးသားလုံးပျော်ရွှင်ချမ်းမြေ့ဖို့နဲ့ ကမ္ဘာကြီးရဲ့ သာယာလှပမှုတွေကို ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ ဆင်းရဲနွမ်းပါးမှုများကို လျော့ကျပပျောက်အောင်ဆောင်ရွက်ဖို့ရာ သမဝါယမမှာရှိပြီးသားစုပေါင်းခွန်အားတွေ ကြီးကျယ်ခမ်းနားတဲ့ စွမ်းပကားတွေနဲ့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ သက်တမ်းရှည်ကြာလာတဲ့ သမဝါယမများဟာ အတွေ့အကြုံပေါင်းမြောက်မြားစွာကို ပိုင်ဆိုင်ထားကြသူများဖြစ်ကြပြီး ကြုံတွေ့လာနိုင်တဲ့ စီးပွားရေးအကျပ်အတည်းများကို စုပေါင်းစွမ်းရည်ဖြင့် ဖြေရှင်းပြီး သာယာလှပငြိမ်းချမ်းတဲ့ကမ္ဘာကြီးကို တည်ဆောက်သွားကြမှာပဲဖြစ်ပါတယ်။ သမဝါယမရဲ့အနှစ်သာရများဖြစ်ကြတဲ့ တန်းတူညီမျှခြင်း၊ တရားမျှတခြင်း၊ စည်းလုံးညီညွတ်ခြင်းနဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ချမှတ်ထားတဲ့ မူဝါဒ (၇)ရပ်တို့ဟာ တစ်ကမ္ဘာလုံးရဲ့ နှလုံးသားထဲမှာ စွဲမြဲနေကြပြီး ဖြစ်ပါတယ်။

ဒါကြောင့် ကောင်းမွန်တဲ့အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုတိုးတက်ကောင်းမွန်တဲ့ ကမ္ဘာကြီးတည်ဆောက်ဖို့ဟာ ကျွန်တော်တို့ ခင်ဗျားတို့ရဲ့ သမဝါယမရဲ့ သမိုင်းပေးတာဝန်များသာဖြစ်ကြောင်း **အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့**ကို ဂုဏ်ပြုကြိုဆိုရင်း တိုက်တွန်းလိုက်ရပါသည်ခင်ဗျား။ ။

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၄

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် အထက (၂) စမ်းချောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးနှင့် ပညာရေးမိသားစုက ငွေကျပ်နှစ်ဆယ့်လေးသိန်းနှင့် အဝတ်အထည်နှစ်ထုပ်၊ ဗလာစာအုပ် ၃၂ ဒါဇင်၊ လူသုံးကုန်ပစ္စည်းတစ်ထုပ်၊ စိန်ဂေဟာ မိသားစုနှင့် ဈေးဝယ်ယူအားပေးကြသူများက ငွေကျပ်သုံးသိန်းလေးသောင်းခုနစ်ထောင့်နှစ်ဆယ်နှင့် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ အဝတ်အထည်အထုပ် ၂၀၊ ကြာဆံအထုပ် ၆၀၀၊ ဆေးဝါးများ၊ KOL GroupCo.,Ltd. ဥက္ကဋ္ဌဦးတင်မောင်နိုင်က ငွေကျပ်ဆယ့်နှစ်သိန်းခုနစ်သောင်းငါးထောင့်ငါးရာနှင့် အဝတ်အထည် ငါးထုပ်၊ Blue Ocean Operation Management Co., Ltd. မှ ဦးထွန်းထွန်းနိုင်-ဒေါ်ယဉ်မင်းဦးက ငွေကျပ်ဆယ်သိန်းနှင့် အဝတ်အထည်နှစ်ထုပ်၊ မိဘများဖြစ်သည့် ဦးကြင်ကုတ်-ဒေါ်ဖွားကြည်နှင့်ခင်ပွန်းဦးမြင့်ဝေတို့အားရည်စူး၍ ဒေါ်အင်စိန်နှင့် သားသမီးမြေးတစ်စုက ငွေကျပ် ငါးသိန်းတန်ဖိုးရှိ သက်န်းအစုံ ၅၀၊ ဦးတင်ဦး-ဒေါ်ခင်မမမိသားစုက အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်း နှစ်ထုပ်၊ မီးသတ်ဦးစီးဌာန အမှတ်(၂) တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲအောက်ရှိ တပ်ဖွဲ့ဝင်များက ငွေကျပ်လေးသိန်းနှစ်သောင်း၊ စက်မှုလက်မှု(အထက-၁) နတ်မောက်လမ်း ရန်ကုန်မြို့ ကျောင်းသားဟောင်းများအသင်းဖြစ်မြောက်ရေးကော်မတီက ငွေကျပ်တစ်သိန်း နှစ်သောင်း၊ ဒေါ်ခင်သိန်း၊ ဒေါ်အေးသောင်း ညီအစ်မနှစ်ဦးက ငွေကျပ်တစ်သောင်းနှင့် အဝတ်အထည်တစ်ထုပ်၊ ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ငွေကျပ်ငါးသောင်းလေးထောင်၊ ဦးမျိုးမြင့်-ဒေါ်ဥမ္မာမိသားစုက အဝတ်အထည်တစ်ထုပ်၊ Ms. CHRISTINA KHO,Singapore က ငွေကျပ်တစ်သိန်းခုနစ်သောင်း၊ ရတနာပုံ Call Center နှင့် M 188 က ငွေကျပ်သုံးသိန်း၊ SMS-2 Donate အစီအစဉ်က ငွေကျပ်ကိုးသောင်းရှစ်ထောင့်ငါးရာ၊ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များက ငွေကျပ်ခုနစ်သောင်းငါးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများကလက်ခံကြပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၂၆၅၁၃၃၁၆ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ လသာမြို့နယ် ခရေလမ်း အမှတ်(၂၈)နေ ဒေါ်မြကျင်(ပန်းရိုးမ ဖိနပ်ဆိုင်)၏ မွေးနေ့အတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးဘေးရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဇာဟိုသို့ အလှူငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင်ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၄

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များနှင့် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ယမန်နေ့နှင့် ယနေ့နံနက်ပိုင်းတို့တွင် စစ်တွေမြို့ မြို့မပရိယတ္တိစာသင်တိုက်၊ အသောကာရုံကျောင်းတိုက်နှင့် ဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

အဆိုပါဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ယမန်နေ့က စစ်တွေမြို့ မြို့မပရိယတ္တိစာသင်တိုက်နှင့် အသောကာရုံကျောင်းတိုက်တို့ကို သွားရောက်ပြီး ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစစ်ဆေးကုသပေးကြသည်။ ဆက်လက်ပြီး ကယ်ဆယ်ရေးစခန်းအတွင်း ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ မိုးရာသီတွင်အဖြစ်များသော ရောဂါများမဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်သင့်သည့်အချက်များနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလိုက်နာသင့်သည့်အချက်များကို ပညာပေးဟောပြောဆွေးနွေးကြပြီး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။ ရေတွင်းရေကန်များတွင် ကလိုရင်းဆေးခတ်ခြင်း၊ ခြင်ခိုအောင်းနိုင်သော နေရာများတွင် ခြင်ဆေးဖျန်းပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင်လည်း ဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကာ ဒေသခံပြည်သူများအား ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး ဆေးကုသပေးကြသည်။ ထို့နောက် ကယ်ဆယ်ရေးစခန်းအတွင်း ခြင်အန္တရာယ်ကင်းရှင်းရေးအတွက် ခြင်ဆေးများကိုလည်း ဖျန်းပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာရေးဆရာအသင်းညီလာခံ တပ်ကုန်းမြို့နယ်၌ အတွေ့အကြုံရှင်း

တပ်ကုန်း ဇူလိုင် ၄

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ပထမအကြိမ် ညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် စာရေးဆရာအသင်းတွင် ဇွန် ၃၀ ရက် နံနက်ပိုင်းက မြတ်ဘုန်းစာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးမောင်ပု (ဉာဏ်လင်း-တပ်ကုန်း)က ဆောင်ရွက်ပြီး နာယက မြတ်ဘုန်း(တပ်ကုန်း)၊ ဦးတင်လှ (ရွှေသင်း-ယုလွင်)တို့က အမှာစကားပြောကြားသည်။ ထို့နောက် ညီလာခံကိုယ်စားလှယ် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းမြင့်(မြကျောက်အေးချမ်း)က စာရေးဆရာအသင်း ညီလာခံအတွေ့အကြုံနှင့်ညီလာခံ၏ ဆုံးဖြတ်ချက်(၁)ရပ်၊ အတည်ပြုချက်(၅)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တို့ကို ရှင်းလင်းပြောကြားကာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (၀၂၁)

တောင်ဇင်းကျေးရွာ၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ညောင်ဦး ဇူလိုင် ၄

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ကွမ်းဖလားကျေးရွာ၌ ဇွန် ၂၇ ရက် ညနေ ၃ နာရီက သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်းနှင့် ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ၊ ကွမ်းဖလားကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ယူကလစ်ပင် ၃၀၀၀၊ ကျွန်းပင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင်သစ်တော)**

အောင်ချက်အမြင့်မားဆုံး ကျောင်းအား မော်လမြိုင်ကျွန်းမြို့နယ်၌ ဂုဏ်ပြု

မော်လမြိုင်ကျွန်း ဇူလိုင် ၄

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မော်လမြိုင်ကျွန်းတစ်မြို့နယ်လုံး အောင်ချက်အမြင့်မားဆုံး ကျောင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု ခနိုးချောင်း တွဲဖက်အထက်တန်းကျောင်း နွယ်သာကီခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်နှင့် မြို့နယ်ပညာရေးမှူး ဦးစံမြင့်တို့က အမှာစကားပြောကြားပြီး ဘုရားကြီးကုန်း ခနိုးချောင်းတွဲဖက်အထက်တန်းကျောင်းမှ ဘောဂဗေဒဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၀ ဦး အပါအဝင် ၂၂ ဦး အောင်မြင်ခဲ့ကြသဖြင့် အောင်ချက်ရာခိုင်နှုန်း ၅၉ ဒသမ ၄၆ ရာခိုင်နှုန်း အောင်မြင်ခဲ့သောကြောင့် တစ်မြို့နယ်လုံး အောင်ချက်အမြင့်မားဆုံးကျောင်းအဖြစ် ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်သည်။

ယင်းဂုဏ်ပြုဆုပေးပွဲတွင် ၂၀၁၂ ခုနှစ် အခြေခံပညာအထက်တန်းအောင်များ၊ တစ်ဘာသာဂုဏ်ထူး ရသူများ **(အပေါ်ပုံ)**နှင့် အောင်ချက်မြင့်မားအောင် သင်ကြားပေးသော ကျောင်းအုပ်ဆရာမကြီး ဒေါ်လှငွေးနှင့် ဆရာ ဆရာမများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေမောင်နှင့် အောင်ချက်မြင့်မားရေးကော်မတီဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၆၅)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အမာမြို့နယ်၌ ကျင်းပ

ဖျာပုံ ဇူလိုင် ၄

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ (၁၁/၆၃)နေ (ဦးလှဖေ)-ဒေါ်သောင်းတို့၏သား မောင်လှမြင့်(ခ)ဦးရွှေ ၉/ပမန(နိုင်)၀၂၄၉၆၉သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဒေါ်သောင်း ၉/ပမန(နိုင်)၀၂၅၂၂၆

၂၆-၆-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၃တွင် ပါရှိသည့် ဦးခင်မောင်နှင့် တရားလွှတ်တော်ရှေ့နေ ဦးတင်သောင်းတို့၏ ကန့်ကွက်နိုင်ပါသည် ကြေညာချက်နှင့်ပတ်သက်၍ ၁-၇-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈တွင်ပါရှိသည့် ဦးဗိုလ်ဆိုင် ၁၂/ဥကတ(နိုင်)၀၁၁၃၄၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဒေါ်တင်အုန်းမြင့်နှင့် ဦးထွန်းဝါစိုးတို့၏အများသိစေရန် ကန့်ကွက်ကြောင်းကြေညာခြင်းတို့နှင့်ပတ်သက်၍ အများသိစေရန်

ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၅လမ်း၊ အမှတ် ၃၁ မြေညီထပ်တွင်နေထိုင်သူ ဒေါ်မြင့်မြင့်စော ၁၂/တမန(နိုင်)၀၈၈၈၈၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆ စီ-၂၊ မြေကွက်အမှတ် S1/4 of II 19၊ ဧရိယာ ၂၅ပေ×ပေ၆၀ အကျယ်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်တွင်တည်ရှိသော ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၈၁/၁၈၃ဟုခေါ်တွင်သော သုံးထပ်တိုက်အဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင် ဒေါ်ခင်မြင့်ပါ(၄)ဦးတို့ထံမှ ဦးတင်ဝင်း၊ ဦးလှဝင်း၊ ဒေါ်မြင့်မြင့်စောတို့သုံးဦးက မှတ်ပုံတင်စာချုပ်အမှတ် (၂၁၅၉/၂၀၀၃)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မြေနှင့်အိမ်ဖြစ်ပါသည်။

ဦးတင်ဝင်းပါ (၃)ဦးတို့က မူလပိုင်ရှင် ဒေါ်ခင်မြင့်ပါ (၄)ဦးတို့အပေါ် အထက်ဖော်ပြပါ မြေနှင့်အိမ်ကို (၂၅-၁၀-၁၉၉၆)ရက်စွဲပါ အရောင်းအဝယ်ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုဆောင်ရွက်ပေးရန်အတွက် ယခင်ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၈၆ဖြင့် စွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပြီး၊ ယင်းဒီကရီကို ၂၀၀၂ခုနှစ် တရားမဇာရီမှုအမှတ် ၆၆ ဖွင့်လှစ်အတည်ပြုဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းတရားရုံးဦးစီးအရာရှိ ဒေါ်နှင်းလဲ့စိုးက ရောင်းသူ ဒေါ်ခင်မြင့်ပါ(၄)ဦးတို့၏ ကိုယ်စားလှယ်လက်မှတ်ရေးထိုး၍ ဝယ်သူများ၏ကိုယ်စား ဒေါ်မြင့်မြင့်စောက ကိုယ်တိုင်အတွက်နှင့် ဦးတင်ဝင်း၊ ဦးလှဝင်းတို့၏ အခွင့်ရကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုး ချုပ်ဆိုဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ နေအိမ်တိုက်ခန်းများတွင် နေထိုင်ကြသူ ဦးခင်မောင်အပါအဝင် အိမ်ငှားများက အိမ်လခများကိုလည်း ဦးတင်ဝင်း၊ ဦးလှဝင်းနှင့် ဒေါ်မြင့်မြင့်စောတို့အား ယနေ့တိုင်ပေးအပ်ခဲ့ကြခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် (၄)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၈၁/၁၈၃ဟုခေါ်တွင်သော တိုက်အိမ်နှင့် ယင်းအိမ်တည်ရှိရာမြေကွက်သည် ဦးတင်ဝင်း၊ ဦးလှဝင်းနှင့်ဒေါ်မြင့်မြင့်စောတို့ သုံးဦးကသာ တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်စော၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမောင်မောင်စိုး	ဦးစိုးသိန်း	ဦးညီညီစိုး
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

ရုံး-
အမှတ် ၅၀၊ အခန်း (အေ-၁၄)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၇၃၀၂၁၆၈၄

အိမ်-
တိုက် ၁၇၊ အခန်း(၁)၊ ကြို့ကုန်းရိပ်သာ၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၇၃၁၆၁၃၁၈၊ ၇၃၁၇၃၉၆၃

အဓိပတိ Law Firm
အမှတ် ၅၅၊ အခန်း ၄၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးတင့်လွင်၏သား မောင်အောင်မျိုးလွင် ၁၂/ပဘတ(နိုင်)၀၃၀၈၇၉အား ကျွန်တော်၏အိမ်တွင် ၄င်း၏ဇနီး၊ သားသမီးများနှင့် နေထိုင်ခွင့်ပေးထားခဲ့ရာ ၄င်းလုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး မိဘ၊ ညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေခြင်း၊ ၄င်း၏လုပ်ရပ်များကိုကြားသိရသောအခါ မိသားစုများ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရခြင်းတို့ကြောင့်လည်းကောင်း၊ ၄င်း၏သဘောဆန္ဒဖြင့် ၂၀-၆-၂၀၁၂ရက်တွင် ၄င်းမိသားစုကိုခေါ်ယူပြီး နေအိမ်မှဆင်းသွားပြီး မည်သည့်အဆက်အသွယ်မှ မလုပ်တော့ပါ။

၄င်း၏ လုပ်ရပ်များသည် မိဘ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများ၏ ဂုဏ်သိက္ခာကို ကျဆင်းစေပါသဖြင့် ၄င်းအား အမွေစားအမွေခံသားအဖြစ်မှ ၂၀-၆-၂၀၁၂ရက်ကစ၍ အပြီးအပိုင်စွန့်လွှတ်လိုက်သည်။ အောင်မျိုးလွင်နှင့်ဆက်နွယ်ပတ်သက်၍ အရောင်းအဝယ်အပေးအယူပြုလုပ်သူများအားလုံးသည် အောင်မျိုးလွင်နှင့်သာ ဆက်သွယ်ဆောင်ရွက်ဖြေရှင်းကြပါရန်နှင့် မိဘများဖြစ်သော ကျွန်တော်များမှ ၄င်း၏မှားယွင်းသော ပြုလုပ်ဆောင်ရွက်ချက်များကို လက်ခံဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် မောင်အောင်မျိုးလွင်နှင့်ပတ်သက်ပြီး မိဘများဖြစ်သော ကျွန်တော်များ၏ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်နစ်နာအောင် ပြောဆိုပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်းကို သိစေအပ်ပါသည်။

ဦးတင့်လွင်မိသားစု (၂၇ပါးဆေးတိုက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

[illegible]
[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၇၉၂(က)၊မြေကွက်တည်နေရာအမှတ် ၇၉၂(က)၊ မန္တလေးလမ်းသွယ်လမ်း၊ ရွှေပြည်သာမြို့နယ် ဦးစိုးလှိုင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိုးလှိုင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ မစန်းစန်းဝင်း ၇/ဝမန(နိုင်) ၀၀၁၈၇၇က ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဌာနဆိုင်ရာဝန်ခံချက် အရပ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ ပါမစ်ပျောက်နှုန်းဖြင့် နှစ်၆၀မြေငှားဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း
အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် ၆၃၁ (၅-E)တွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ်ဆောင်ရွက်နေသော OMNI FOCUS COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

OMNI FOCUS

အထက်ဖော်ပြပါ OMNI FOCUS အမည်ရှိ တံဆိပ်အမည်အမှတ်အသားမှာ OMNI FOCUS COMPANY LIMITED မှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၅၆၅၀/၂၀၁၂ ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားသော တစ်ဦးတည်းမူပိုင်တံဆိပ်အမည်အမှတ်အသားဖြစ်ပြီး ဖော်ပြပါတံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ OMNI FOCUS COMPANY LIMITED နှင့် OMNI FOCUS ၏ အခြားလုပ်ငန်းခွဲအသီးသီးမှ လုပ်ကိုင်ဆောင်ရွက်နေသော ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်နှင့် အိမ်သုံးကုန်ပစ္စည်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် တွင်းထွက်ပစ္စည်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ သွင်းကုန်ထုတ်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများအားလုံးတို့ကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်ရာတွင်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်းကောင်း၊ အသုံးပြုမည့် တံဆိပ်အမည်အမှတ်အသားဖြစ်ပါသည်။ ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို တုပ၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကို တွေ့ရှိရပါက သက်ဆိုင်ရာဥပဒေနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း (စဥ်-၆၃၀၇)၊ တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၃၂၊ ပထမထပ်၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၆၀၆၀၇

လုပ်ငန်းအကျိုးတူလုပ်ဆောင်ရန်အတွက် ဖိတ်ခေါ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်ရှိ မြိတ်-တနင်္သာရီ-မောတောင် အမြန်လမ်းမ (၁၁၈)မိုင် ဖောက်လုပ်ရေးလုပ်ငန်းအတွက် ၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် ဗဲင်း(န်)တေ့ချ်ကုမ္ပဏီလီမိတက်မှ ပဏာမစူးစမ်းတိုင်းထွာမှုလုပ်ငန်း (Surveying)ကို ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါတွင် အဆိုပါအမြန်လမ်းမကြီးကို တည်ဆောက်အကောင်အထည်ဖော်ရာတွင် ညှိနှိုင်းသဘောတူညီချက်များအရ အခြားကုမ္ပဏီများနည်းတူ မိမိကုမ္ပဏီအတွက် ခွဲဝေသတ်မှတ်ပေးမည့် သက်ဆိုင်ရာလမ်းအပိုင်းကို တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

ထိုသို့တည်ဆောက်သွားရာတွင် ဗဲင်း(န်)တေ့ချ်ကုမ္ပဏီလီမိတက်ကို အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီး မြိတ်-တနင်္သာရီ-မောတောင် အမြန်လမ်းမကြီးကို အောင်မြင်စွာဖောက်လုပ်ပြီးသည်အထိ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် ငွေကမ္ဘာမြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကိုလည်း တည်ထောင်ထားပြီးဖြစ်သဖြင့် အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်သဖြင့် အကျိုးတူပူးပေါင်းပါဝင်လိုသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ရှယ်ယာရှင်များကို လေးစားစွာဖြင့် ဖိတ်ခေါ်ကြေညာအသိပေးအပ်ပါသည်။

Vantage Co., ၏လွှဲအပ်ညွှန်ကြားချက်အရ

(ဥပဒေအကြံပေး)	ဗဲင်း(န်)တေ့ချ်ကုမ္ပဏီလီမိတက်
ဦးတင်ဝင်းအောင်(လူမှုထူးချွန်)	၂၀၁၂ခုနှစ် ဇွန် ၂၈ရက်
တရားလွှတ်တော်ရှေ့နေကြီး၊	အမှတ် ၈၀၊ လမ်း ၅၀၊ မြေညီထပ်၊
စဥ်(၁၅၈၃)	ပုဇွန်တောင်မြို့နယ်၊
B.A (Law), LL.B, D.B.L,	ဖုန်း-၂၀၁၆၈၉၊ ၇၀၀၉၄၂
D.I.L, D.M.L, D.A Psy	
ဖုန်း-၀၉-၇၃၂၀၈၉၈၁	

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)တိုးချဲ့၊မြေကွက်အမှတ် ၁၁/က၊ မြေကွက်တည်နေရာအမှတ် ၁၁/က၊ ဥက္ကလာသီရိလမ်း၊ (ဃ)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်ခင်ခင်မေ ၁၂/မရက(နိုင်)၀၉၅၁၁၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ခင်မေ(မိခင်)နှင့် ဦးမိုး(ဖခင်)တို့ကွယ်လွန်သဖြင့် ဒေါ်သီသီနွယ် ၁၂/မရက(နိုင်)၀၉၅၅၃၈က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကိုမ်လွှာတင်ပြ၍ အမည်ပေါက် ဒေါ်ခင်ခင်မေ ပိုင်ဆိုင်သော ၀ဒသမ ၁၇၀၈ကေ အနက်မှ အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချထားပြီးသော $\frac{၁၃}{၂၀} \times \frac{၂၀}{၂၀}$,၀ဒသမ ၀၀၇ကေအားချန်လှပ်၍ ကျန်အစိတ်အပိုင်းအားပိုင်ဆိုင်ကြောင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ရွှေညောင်မြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်စိုင်းသူရကို၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၁၃/တကန(နိုင်)၀၃၂၆၁၆ ဖြစ်ပါကြောင်း။ **ဦးစိုးဝင်း**

အမည်မှန်

တောင်ကြီးမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(D)မှ နန်းခမ်းအိန် ၁၃/ပလတ(နိုင်)၀၀၄၈၆၀၏ အမည်မှန်မှာ နန်းခမ်းအိမ်ဖြစ်ပါကြောင်း။ **နန်းခမ်းအိမ်**

ဖခင်အမည်မှန်

ရွှေညောင်မြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(B)မှ မဥမ္မာအောင်၏ဖခင်အမည်မှန်မှာ ဦးအောင်မင်း ၁၃/တကန(နိုင်)၀၃၇၄၉၈ ဖြစ်ပါကြောင်း။ **ဦးအောင်မင်း**

[illegible]

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၂ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၁၅
ကွယ်လွန်သူ ဦးဂျမား၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်ချို — လျှောက်သူ

အမှတ် ၂၅(မြေညီထပ်)၊ လမ်း ၁၀၀၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ ဒေါ်ချိုက ကွယ်လွန်သူ ဦးဂျမား၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၄င်းကွယ်လွန်သူ ဦးဂျမားမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးဂျမားမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၂ခုနှစ် ဇူလိုင် ၂၀ရက်တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါ်ချို၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၂ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်မင်းအောင်
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများပြည်သူသိရှိရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁၊ မြေကွက်အမှတ် ၇၅(အေ)ဟုခေါ်တွင်သော ဧရိယာ ၀ဒသမ ၂၀၆ဧကရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁၊ ၅၂၊ မြေကွက်အမှတ်(၃၆အေ/၄)၊ (၇၅ဘီ/၁)ဟု ခေါ်တွင်သော ဧရိယာ ၀ဒသမ ၀၇၄ဧကရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်နှစ်ကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၆၇/၇၁၊ ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အအုံတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးစံဝမ်းနှင့် မောင်နမသုံးဦးတို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့် ယင်းမြေကွက်နှစ်ကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများပြည်သူသိရှိနိုင်ရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအုံးမောင်(ဘီအက်စ်စီ၊ ဘီအယ်လ်)
တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်(စဥ်-၈၃၀)
အမှတ် ၃၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၁၂၉၈၂၊ ၀၉-၇၃၀၂၄၈၃၆၊ ၅၂၅၅၆၄

ပျောက်ဆုံးကြောင်း

ဦးတင်ထွန်း၏ မော်တော်ယာဉ်ပုံစံ(၁) အစိမ်းသည်ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဦးတင်ထွန်း**
မော်တော်ယာဉ်အမှတ် ၄ခ/၉၈၅၂
ဖုန်း-၅၆၀၈၁၇

အမည်ပြောင်း

အခြေခံပညာမူလတန်းလွန်ကျောင်း ကိုးလုံးကွင်း မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဦးခင်မောင်ထွန်း)၏ သမီး တတိယတန်းမှ မထက်ထက်ဝေအား ယနေ့မှစ၍ မယမင်းအိန္ဒြေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယမင်းအိန္ဒြေ**

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အိုင်လျှားမြောက်ကျေးရွာနေ ဦးစောလှ၏သား အထက(၁)၊ နဝမတန်း(K)မှ မောင်စိုးသူအား မောင်ဖြိုးသက်နိုင် ၉/ကပတ(နိုင်)၂၄၅၁၀၅ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဝမ်းနည်းကြေကွဲခြင်း
ဦးစိန်ဝင်း
(ဇကရာဇ်ကုန်းကျေးရွာ၊ ပျော်ဘွယ်မြို့)
အသက်(၈၂)နှစ်

ဦးမောင်မောင်မြင့်(MD ကောင်းမြတ်ကုမ္ပဏီ)-ဒေါ်နန်းအေးတင့် (Director ကောင်းမြတ်ကုမ္ပဏီ)တို့၏ ကျေးဇူးရှင်မွေးဖခင် ဦးစိန်ဝင်း အသက်(၈၂)နှစ်သည် ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးရုံးခွဲမှဝန်ထမ်းများ
(ကောင်းမြတ်ကုမ္ပဏီ)

ကျေးဇူးတင်လွှာ

ဦးလှထွန်း အသက်(၈၃)နှစ်၊ မြန်နန္ဒာဆန်စက်၊ နတ်တလင်းမြို့၊ နာမကျန်းဖြစ်စဉ်က အဘက်ဘက်မှဝိုင်းဝန်းကူညီပြုစုစောင့်ရှောက်ခဲ့ကြသော နတ်တလင်းမြို့နယ်၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ သျှင်ပါကူဆေးရုံမှ အထွေထွေမန်နေဂျာ ဦးငွေအောင်နှင့် ဆရာဝန်၊ ဆရာမများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးအထူးကြပ်မတ်ကုသဆောင်မှ ဆရာဝန်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အင်းဝစာအုပ်တိုက်ပိုင်ရှင် ဦးပြုံးမောင်မောင်၊ မန်နေဂျာ ဦးမောင်မောင်လွင်နှင့် ဝန်ထမ်းများ၊ Ruby Dragon Co. မှ ဦးနေဝင်းထွန်းနှင့် ဝန်ထမ်းများ၊ ဦးမျိုးသန့် (ကေသီဦးမိသားစု)၊ ဒေါ်သင်းသင်းစိုး(KMD)နှင့် အိမ်နီးချင်းများ၊ နာရေးကိစ္စတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ပေးခဲ့ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နတ်တလင်းမြို့မှ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မော်တော်ယာဉ်အသင်းများနှင့် ယာဉ်ပိုင်ရှင်များ၊ နတ်တလင်းမြို့၊ ဟိတကာရီသာရေးနာရေးကူညီမှုအသင်းအဖွဲ့များအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

မြန်နန္ဒာမိသားစု (နတ်တလင်းမြို့)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စိန်ဥ
အသက်(၈၀)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်-ဒေါ်ကြည်ကြည်သန်းတို့၏မိခင်ကြီး ဒေါ်စိန်ဥ အသက်(၈၀)သည် ၂၇-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းအုပ်နှင့် ဝန်ထမ်းမိသားစုများ
ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မေအေး (Amie Ba Than)
အသက်(၇၈)နှစ်

ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်၊ ပြင်ဦးလွင်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်-ဒေါက်တာသန္တာလှဲ့တို့၏မိခင်ကြီး ဒေါ်ခင်မေအေး (Amie Ba Than) အသက်(၇၈)နှစ်သည် ၂၆-၆-၂၀၁၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)

ကျေးဇူးတင်ရှိခြင်း

ဒေါ်ခင်မြင့် အသက်(၆၆)နှစ်၏ ၂၇-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားသော နာရေးကိစ္စအတွက် လိုက်ပါပို့ဆောင်၍ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအသင်းအားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

ဦးစိုးဝင်း
စွမ်းအားမြင့်ဝပ်ရှော့
ကျန်ရစ်သူမိသားစုနှင့် ညီအစ်ကိုမောင်နှမများ

ကျေးဇူးတင်လွှာ

ဦးခင်မောင်ချို အသက်(၅၇)နှစ်၊ မြန်နန္ဒာဆန်စက်၊ နတ်တလင်းမြို့၊ နာမကျန်းဖြစ်စဉ်က ဝိုင်းဝန်းကူညီပြုစုစောင့်ရှောက်ခဲ့ကြသော သျှင်ပါကူဆေးရုံမှ အထွေထွေမန်နေဂျာ ဦးငွေအောင်နှင့် သမားတော်ကြီးများ၊ ဆရာဝန်ဆရာမများ၊ ဝန်ထမ်းများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ဦးနှောက်နှင့်အာရုံကြောဌာနနှင့် အထူးကြပ်မတ်ကုသဆောင်)မှ ဆရာဝန်၊ ဆရာမများ၊ Ruby Dragon Co.,မှ ဦးနေဝင်းထွန်းနှင့် ဝန်ထမ်းများ၊ ရပ်နီးရပ်ဝေးမှသတင်းမေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးသို့ လူကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီကြသော နတ်တလင်းမြို့မှ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မော်တော်ယာဉ်အသင်းများနှင့် ယာဉ်ပိုင်ရှင်များ၊ နတ်တလင်းမြို့ ဟိတကာရီ သာရေးနာရေးကူညီမှုအသင်းအဖွဲ့ဝင်များအား ကျေးဇူးအထူးတင်ရှိပါကြောင်း။ **မြန်နန္ဒာမိသားစု (နတ်တလင်းမြို့)**

အထူးဝမ်းနည်းကြေကွဲခြင်း
ကိုနေဝင်း (မန္တလေး)
B.Econ (Eco)
အသက်(၄၉)နှစ်

သူငယ်ချင်း ကိုနေဝင်း(မန္တလေး) အသက်(၄၉)နှစ်သည် ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စီးပွားရေးတက္ကသိုလ် (၁၉၉၄-၉၅)
ဘွဲ့ရများအသင်း

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်မြိုင် (မြိတ်)
ရာသက်ပန်အသင်းဝင်အမှတ်(၇၉၆)
အသက်(၁၀၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၁၁ လမ်း၊ အမှတ် ၃၃နေ (ဦးဂျွန်)၏ဇနီးသည် ၁-၇-၂၀၁၂ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၁၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဦးဝင်းမောင်
လ/ထ ညွှန်မှူး(ငြိမ်း)
ဒေသန္တရနှင့်စက်မှုစစ်ဆေးရေး
အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၅၄၉၊ ပဏ္ဍိတလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်ကြည်)တို့၏ သား၊ ဒေါ်ထားရီ၏ခင်ပွန်း၊ (ဦးကျော်ထွန်းဖြူ)-ဒေါ်အေးအေးမြင့် (စက်မှုဝန်ကြီးဌာန၊ဌာနခွဲမှူး၊နေပြည်တော်)၊ ဦးတင်စိုးလင်း၊ ဦးဘိုနီကျော့-ဒေါ်နီနီအောင်၊ ဦးမြင့်ဌေး-ဒေါ်ချိုချိုဝင်း၊ ဦးအောင်မင်းဦး- ဒေါ်ဖြိုးနုလွင်၊ ကိုသန်းဇော်-မကျော့ကျော့စိမ်း၊ မောင်ရန်နိုင်ဟိန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်တင်တင်လှ(ခ)အဝင်း
ကုန်သွယ်ရေး(၅)
ပြည်သူ့ကုန်တိုက်(ငြိမ်း)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဝဏ္ဏသိဂီလမ်း၊ အမှတ် ၅၁၈ (၀၀၁)နေ (ဦးအုန်းရွှေ-ဒေါ်စိန်မြ)တို့၏သမီး၊ ဦးမောင်မောင်စိုး၏ဇနီး၊ ဦးတင်လှိုင်-ဒေါ်နုနုရီတို့၏အစ်မ၊ ဦးဘိုဘိုဇော်-ဒေါ်သီသီဆွေတို့၏မိခင်၊ ဦးသက်အောင်၏အဒေါ်၊ မမေဖူးသော်၏ဘွားဘွားကြီးသည် ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၀နာရီတွင် ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၂ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၄၅/ခ၊ မြေကွက်တည်နေရာအမှတ် ၁၄၅/ခ၊ မင်းရဲကျော်စွာ ၆လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ကျင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ကျင်နှင့် ခင်ပွန်း ဦးရုံး ကွယ်လွန်သဖြင့် ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၀၃၀၅၂၊ ဦးအောင်ဌေး ၁၂/ဥကတ(နိုင်)၀၈၉၂၀၇၊ ဦးသိန်းအောင် ၁၂/ဥကတ(နိုင်)၀၀၄၄၂၈၊ ဦးမျိုးမြင့်အေး ၁၂/ဥကတ(နိုင်)၀၀၄၀၇၆၊ ဒေါ်ယဉ်ယဉ်နွယ် ၁၂/ဥကတ(နိုင်)၁၅၀၃၁၈၊ ဦးဝင်းနိုင် ၁၂/ဥကတ(နိုင်)၀၀၄၀၇၇တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၈၅၈၁/၁၂ (၉-၅-၁၂)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၀၃၀၅၂က မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေလှူမိတ်ဆွေ

ဝမ်းနည်းကြေကွဲခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူး ဒေါက်တာခင်မေဦးတို့၏ဖခင် ဦးကြည်ခင် အသက်(၉၃)နှစ်သည် ၂-၇-၂၀၁၂ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်
ဝန်ထမ်းများမိသားစု
ကျန်းမာရေးစီမံကိန်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးစိန်ဝင်း
(ဧကရာဇ်ကုန်းကျေးရွာ၊ ပျော်ဘွယ်မြို့)
အသက်(၉၂)နှစ်

ဦးမောင်မောင်မြင့် (MD) ကောင်းမြတ်ကုမ္ပဏီနှင့် ဒေါ်နန်းအေးတင့် (Director) ကောင်းမြတ်ကုမ္ပဏီတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးစိန်ဝင်းသည် ၁-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးတက္ကသိုလ် ပထဝီဝင်မိသားစု
၁၉၇၈ ကျောင်းသားကျောင်းသူများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မငယ်
နယူးယောက် (U.S.A)
အသက်(၈၄)နှစ်

ဒေါ်မငယ်သည် ၃၀-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်လှခင်စောနှင့်မိသားစု
(၇)မိုင်၊ ကုန်းမြင့်ရိပ်သာ၊ ရန်ကုန်

ကျေးဇူးအထူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မေအေး(Amie Ba Than) အသက်(၇၈)နှစ်

ကျေးဇူးရှင်မိခင်ကြီး ကျန်းမာရေးမကောင်းစဉ်မှ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှ ကူညီစောင့်ရှောက်ပေးခဲ့ကြသော ကျိုက်ထီးဆောင်းဆရာတော်ကြီး အမှူးပြုသည့် သံဃာတော်များ၊ သီလရှင်ဆရာကြီးများ၊ ပါမောက္ခဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျိုက်ထီးဆောင်း ငါးသုံးလီဓမ္မမိတ်ဆွေများ၊ အာရှတော်ဝင်ဆေးရုံတွင် ဆေးကုသမှုခံယူစဉ်က အထူးဂရုစိုက်ကုသပေးခဲ့ကြသော ဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ နာရေးကိစ္စတွင် အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအီးမေးလ်တို့ဖြင့်သော်လည်းကောင်း သတင်းမေးကြသော၊ ပိုင်းဝန်းကူညီ အလှူဒါနပြုပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ဝမ်းနည်းကြေကွဲကြောင်း သတင်းစာတွင် ဖော်ပြခဲ့ကြသော ဌာနဆိုင်ရာ၊ အသင်းအဖွဲ့များနှင့် မိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ၂-၇-၂၀၁၂ရက်တွင် ရန်ကုန်မြို့ နေအိမ်၌ပြုလုပ်သော ရက်လည်ဆွမ်းကျွေးနှင့် ၄-၇-၂၀၁၂ရက်တွင် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်၌ပြုလုပ်သော ကိုးရက်မြောက်ဆွမ်းကျွေးတို့၌ ကြွရောက်အားပေးကူညီခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကိုကို
ညွှန်ကြားရေးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန
အသက်(၆၄)နှစ်

ဒေါ်မြကြည်(အထပြ၊ ငြိမ်း၊ ဗိုလ်တထောင်-၆)၏ခင်ပွန်းဖြစ်သူ ဦးကိုကို ညွှန်ကြားရေးမှူး(ငြိမ်း) သမဝါယမဦးစီးဌာနသည် ၂-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ကျောင်းအုပ်ကြီး**
ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ
သမဝါယမတက္ကသိုလ်၊ သန်လျင်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ငွေဇင် အသက်(၆၃)နှစ်

တောင်ကြီးမြို့၊ အမှတ် ၁၁၁/၁၅၊ အေးရိပ်သာလမ်းသွယ်-၁၊ ရေအေးကွင်းရပ်နေ(ဦးမြင့်မောင်)၏ဇနီး၊ ဒေါ်ဆွေဆွေအေး(Rothmans of Pall Mall Myanmar Pte., Ltd.)၊ ဦးမျိုးအောင်-ဒေါ်ညိုညိုဝင်း၊ ဦးထွန်းအောင်ကျော်-ဒေါ်နှင်းနုထွေးတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ငွေဇင် အသက်(၆၃)နှစ်သည် ၃၀-၆-၂၀၁၂ရက်(စနေနေ့)တွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လုပ်ဖော်ကိုင်ဖက်များ
RPMM Marketing Team

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)၏ဇနီးဖြစ်သူ ဒေါ်တင်တင်လှိုင်(ပုသိမ်မြို့) အသက်(၅၉)နှစ်သည် ၃-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန
ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်တင်လှိုင် (ပုသိမ်မြို့)
အသက်(၅၉)နှစ်

ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)၏ဇနီးဖြစ်သူ ဒေါ်တင်တင်လှိုင်သည် ၃-၇-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၄ခုနှစ် သစ်တောပညာဘွဲ့ရ
သူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးသန်းကြည်
မြန်မာ့မီးရထား(ငြိမ်း)
အသက်(၇၈)နှစ်

ထားဝယ်မြို့နေ (ဦးမေ-ဒေါ်ထူးမေ)တို့၏သား၊ အင်းစိန်မြို့နယ်နေ (ဦးကျော်ရွှေ)-ဒေါ်တင့်လှတို့၏သားသမက်၊ ထားဝယ်မြို့နေ (ဦးသောင်းစိန်)-ဒေါ်ထွန်းရင်၊ (ဦးလှစိန်-ဒေါ်တင့်လှ)၊ ဦးတင်ဦး-ဒေါ်ထွန်းလှ၊ (ဦးထွန်းကြည်-ဒေါ်သန်းစိန်)တို့၏ညီ/မောင်၊ (ဦးမောင်ရွှေ)၊ (ဦးမောင်မောင်တိုး)-ဒေါ်မာမာသန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ဗိုလ်ဗထူး ၂လမ်း၊(၂/၉)ရပ်ကွက်၊ အမှတ် 89(A)နေ ဒေါ်မြမြ၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြည်-ဒေါ်ခင်နွယ်ဦး၊ ဦးကိုကိုအောင်(တံဂပူရီဟိုတယ်)-ဒေါ်ခိုင်မြင့်ဦး (ဟိုတယ်/ခရီး)၊ (မောင်မျိုးတင့်)တို့၏ဖခင်၊ မမြတ်ဖူးပွင့်၊ မနှင်းဦးမြတ်နိုး၊ မခိုင်ငြိမ်းချမ်းတို့၏အဘိုးသည် ၄-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်သိန်းမြင့် (ရမည်းသင်း)
လ/ထမန်နေဂျာ(ငြိမ်း)
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး
အသက်(၇၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၄၂၊ အခန်း ၃၀၄နေ (ဦးကိုကိုကြီး)-ဒေါ်ခင်မြတို့၏သမီးကြီး၊ ဦးမောင်မောင်လွင်(အား/ကာ၊ ငြိမ်း)၏ဇနီး၊ ဦးမြတ်ကိုကိုအောင်(ဆက်သွယ်ရေး)-ဒေါ်ကျော့ကျော့လွင်၊ ဦးမိုးသက်ကျော်-ဒေါ်လဲ့လဲ့လွင်၊ ဦးအောင်ကျော်သူ၊ ကိုမင်းဇော်လွင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၄-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၂ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်နန်းရွှေထူး (နမ့်ခမ်း)
အသက်(၆၃)နှစ်

ဦးလေး ဦးတင်မောင်၏ချစ်လှစွာသောဇနီး ဒေါ်နန်းရွှေထူးသည် ၁-၇-၂၀၁၂ရက် နံနက် ၉နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တူ၊ တူမများ-
ကိုကြည်ချော-မဖြူဖြူဝင်း
ကိုသန်းဆွေ-မသီတာ
ကိုစိုင်းဖိလစ်ရီ-မဖြူဖြူမင်း

ဒေါက်တာသိန်းထွန်း IM-1(1979 Batch)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ်(၁)လမ်း၊ အမှတ် ၁၃/၁၅နေ ဦးသိန်းမောင်-(ဒေါ်သန်းကြည်)တို့၏သား၊ ဒေါ်အေးအေးမော်(Cynthia)၏မောင်၊ ဒေါ်အေးအေးသန်း၊ဒေါ်စန်းစန်းအေး၊ဒေါ်ကြူကြူစိုး(Oasic ဆေးဆိုင်၊ ဗိုလ်ချုပ်ဈေးသစ်)၊ ဦးအုန်းသွင်-ဒေါ်မိမိငွေ၊ ဒေါ်လှလှဇင်တို့၏အစ်ကိုကြီး၊ မောင်ဟန်ထွန်းဇော်(ဒဂုံ-၁)၊ မောင်မင်းသွင်ခန့်(ဒဂုံ-၁)တို့၏ဘကြီးသည် ၄-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်စိုးဝင်း
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရိပ်သာလမ်း၊ အမှတ် 5-Aနေ ဒေါက်တာတင်ဝင်း (ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မန္တလေး)-ဒေါ်နော်တကောဖောတို့၏သားကြီး၊ ဦးမျိုးဝင်း-ဒေါ်တင်တင်မြင့်(ငသိုင်းချောင်း)တို့၏သားသမက်၊ ဒေါ်မျိုးမျိုးသန့်(ထိပ်ထားလေး ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၏ခင်ပွန်း၊ မောင်သုတအောင်(Grade-9၊ အထက-၁၊ ဒဂုံ)၏ဖခင်၊ ကပ္ပတိန်ကျော်ဆန်းဝင်း(ဗီယက်နမ် လေကြောင်း)-ဒေါ်ဆွေဖြူအေး၊ ဒေါက်တာကျော်ဝင်းအောင်(ခွဲစိတ်အထူးကုဆရာဝန်ကြီး၊မိုးညှင်းဆေးရုံ)၊ ဦးကျော်အောင်ဝင်း-ဒေါ်ဝေဝေ(ခေတ္တ-စင်ကာပူ)တို့၏အစ်ကိုကြီးသည် ၂-၇-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၆း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုဉာဏ်လင်းအောင်
အသက်(၃၉)နှစ်

ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်ကွက်၊ အင်္ဂပိုလမ်း၊ အမှတ် ၈၂၉နေ (ဆရာကြီး ဦးအုန်းရွှေ-ဒေါ်ခင်တင့်)တို့၏သားငယ်၊ ဦးစံချိန်-ဒေါ်ယဉ်ယဉ်ငွေတို့၏ညီ၊ ဦးတင်ထွန်း-ဒေါ်တင်တင်ဝင်း၊ ဦးသိန်းတင်-ဒေါ်ညွန့်ညွန့်ရီတို့၏မောင်၊ ဦးဝင်းသိန်း-ဒေါ်စန်းစန်းငွေ၊ ဦးသန်းလှိုင်-ဒေါ်ခိုင်တိုးဝါတို့၏ညီ၊ ဦးမင်းဦး-ဒေါ်တင်တင်ရွှေတို့၏မောင်သည် ၄-၇-၂၀၁၂ရက် နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၂ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဟင်္သာတမြို့ မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဝေကြည်
အသက်(၄၂)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ င/ပြီချောင်းရွာနေ(ဦးစံကျော်)-ဒေါ်လှချယ်တို့၏သားကြီး၊ ဦးခင်မောင်လွင်-ဒေါ်ကေသီ၊ဦးနေလင်း-ဒေါ်ချယ်ရီ၊ မချိုဝေရီ၊ကိုမျိုးမင်းသန့်-မချိုချိုဝေတို့၏အစ်ကိုသည် ၁-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့) ညနေ ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၂ရက်(စနေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းရပ်ကွက်(ဘုရားကုန်းဈေးအနောက်)၊ဘုရားလေးမဏ္ဍာရုံလမ်း၊ အမှတ် ၃၇၀-ခနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းကြည်
ဦးရွှေချောင်း(ပန်းမာလာမုန့်တိုက်)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၈၊သီရိခေမာလမ်း၊၈ဝနရပ်ကွက်နေ (ဦးမောင်စိန်-ဒေါ်လှ)တို့၏သား၊ ဒေါ်ကြည်မြင့်၏ခင်ပွန်း၊ ဦးမြင့်စိုး-ဒေါ်ရီရီဝင်း၊ ဒေါ်သီတာကြည်၊ (ဦးမျိုးမြင့်)-ဒေါ်မာလာကြည်၊ ဦးတင်စိုးကြည်-ဒေါ်မာလာမြင့်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၃-၇-၂၀၁၂(အင်္ဂါနေ့) နံနက် ၇း၁၀နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၅-၇-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်ရီ (အထောင်မြို့)
အသက်(၉၁)နှစ်

(ဦးချိန်-ဒေါ်သန့်)တို့၏သမီး၊ ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊(ခ)ရပ်ကွက်၊ တုသိတာလမ်း၊ အမှတ် ၃၁၀နေ (ဦးစံအောင်)၏ဇနီး၊ (ဒေါ်စိန်ကြည်)၏ညီမ၊ (ဦးညွန့်တင်၊ ထောင်မှူးကြီး၊ ငြိမ်း)၊ (ဒေါ်တင်စိန်)တို့၏အစ်မ၊ ဦးအောင်စိုး (ညွှန်မှူး၊ ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)-ဒေါက်တာဒေါ်ခင်စန်းတင့် (မြို့နယ်ဆရာဝန်၊ ငြိမ်း)၊ မငြိမ်းငြိမ်းကြည်တို့၏မိခင်သည် ၂-၇-၂၀၁၂ရက် (တနင်္လာနေ့)ည ၁၁း၂၀နာရီတွင်မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဗိုလ်မှူးသိန်းဝင်း (ငြိမ်း)
(က/၁၂၄၁၀)
ဒုညွှန်မှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်
အသက်(၇၀)

ပခုက္ကူမြို့နယ်၊ ကွမ်းရွာအုပ်စု၊ လေးလံကျွန်းကျေးရွာနေ (ဦးခ-ဒေါ်မကြီး)တို့၏သား၊ (ဦးကြီးမောင်-ဒေါ်ရွှေ)တို့၏သားသမက်၊(ဦးဘို-ဒေါ်တင်ညွန့်)၊(ဦးစံဖဲ)-ဒေါ်တင်ရီ၊ ဦးသိန်းမောင်-(ဒေါ်သန်းကြည်)၊ ရန်ကုန်မြို့နေ ဦးအောင်သူ-ဒေါ်ခင်သီတို့၏ညီမောင်၊ ပခုက္ကူမြို့နေ ဦးဘိုးသောင်း-ဒေါ်သေးသေး၊ ဦးငြိမ်းမောင်-(ဒေါ်တိုး)၊ ဦးမြင့်ဆွေ-ဒေါ်လှငွေးတို့၏အစ်ကို၊ (ဦးတင်အေး)-ဒေါ်ဖွားမြိုင်၊ ဦးတင်အေး-ဒေါ်အမာကြည်တို့၏ညီမောင်၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ (၁၁)ရပ်ကွက်၊ ဗထူးလမ်းသွယ် (၈/၄)နေ ဦးသန်းလင်း-ဒေါ်နော်ထုလွမ်တို့၏ဖခင်၊ ဒေါ်သန်းစိန်၏ခင်ပွန်းသည် ၃-၇-၂၀၁၂ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Sgt/Clerk Thang Khen Tuang (Vangteh-Guite)
တပ်ကြပ်ကြီးစာရေး(ပထမတန်း)
ထန်ခင်းသွင် (မင်္ဂလာဒုံ)
အသက်(၅၈)နှစ်

တီးတိန်မြို့နယ်၊ ဗန်းတဲ့ကျေးရွာနေ (Pu Khai Khaw Cin-Pi Cing Khan Ning)-Nu Luan Khan Dim တို့၏သားကြီး၊ ဒုအရာခံဗိုလ် Pa Dam Cin Kap-Nu Zam Khan Cing, (Nu Ciang Dim)-Pa Langh Khan Nang, Pa Khai Do Nang-Nu Niangh Lam Cing, Nu Neek Za Nuam-Sya Ngul Khan Pau, (Pa Thang Khan Sing)-Nu Cing Lian Vung, Tg Dongh En Thang၊ ဗိုလ်ကြီး Thang Cin Thawn-Nu Khoi Ngaih Lun, Nu Cing Za Lun-Pa Thang Khan Khai, Nu Ciang Lam Vung-Pa Tuang Mung, Tg Thang Khan Mang တို့၏အစ်ကိုကြီး၊ တူ၊တူမ ၂၀တို့၏ဦးလေး၊ Tg Cin Khan Pau (ခေတ္တ-USA)၏ဖခင်၊ Syama Cing Deih Vung ၏ခင်ပွန်းသည် ၃-၇-၂၀၁၂ရက် ည ၉နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၇-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အေးငြိမ်းဇရပ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ယုဇနပိတောက်ကွေ့မှ နံနက် ၁၁း၃၀နာရီ၊ မောနွေလ(ဆူးလေ)မှမွန်းတည့် ၁၂နာရီ၊ Full Gospel Assembly အသင်းတော်မှ မွန်းတည့် ၁၂နာရီ၊ ဝါယာလက်မှ မွန်းလွဲ ၁၂း၃၀နာရီတွင် ကားများထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ငွေလှရင် (ကမာဝက်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ဦးလူမောင်လမ်း၊အမှတ် ၈-A၊ ပထပ်၊ အခန်း ၆နေ တော်ကူးဆရာတော် ဦးနာဝိက၊ တရားပြဆရာတော်ဦးဝေပုလ္လတို့၏အစ်မ၊ ဦးရွှေသိန်း-ဒေါ်ဝင်းကြည်၊ ဦးအောင်ကြည်-ဒေါ်စန်းတင်၊ ဦးညွန့်ကြည်-ဒေါ်အေးအေးမာ၊ (ဦးအောင်မြင့်)-ဒေါ်သန်းသန်းရီ၊ ဦးခင်မောင်ဆန်း-ဒေါ်အေးမွေးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၃-၇-၂၀၁၂ရက်(အင်္ဂါနေ့)ည ၁၀း၁၀နာရီတွင်ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅-၇-၂၀၁၂ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအေးမြင့် (မလက်တို)
ဆောက်/လျှပ်(ငြိမ်း)
(မောင်ကြိုင်လက်ဖက်ရည်ဆိုင်)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ် ၄၀၂/ခနေ(ဦးနွဲ့-ဒေါ်သိန်းရှင်)တို့၏သား၊ (ဦးကြိုင်-ဒေါ်ဘီ)(မောင်ကြိုင်လက်ဖက်ရည်ဆိုင်)တို့၏သားသမက်၊ (ဦးလှအောင်)၊ (ဦးလှဆောင်)-ဒေါ်အုန်းဆင့်၊ (ဦးသိန်းအောင်-ဒေါ်ခင်အေး)တို့၏ညီ၊ ဒေါ်သိန်းသန်း၏ခင်ပွန်း၊ ဦးအောင်ဇော်မိုး-ဒေါ်နွယ်နီလှိုင်၊ ဦးကျော်စိုးမိုး-မဂျင်မီ၊ ဦးငွေမင်းသိန်း၊ ဦးမျိုးမင်းအောင်-ဒေါ်စိုးစန္ဒာမိုးတို့၏ဖခင်၊ မမိုးအိန္ဒြာအိအိခိုင်၊ မအိန္ဒြာထက်ထက်ခိုင်တို့၏အဘိုးသည် ၃-၇-၂၀၁၂ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးလှရှိန် (ဦးထားဝယ်ကြီး)
(စက်မှုလက်မှုလုပ်ငန်း)
အသက်(၇၁)နှစ်

ထားဝယ်မြို့၊ ကျောက်မော်ရပ်ကွက်နေ (ဦးငွေလှိုင်-ဒေါ်အေးမေ)တို့၏သား၊ မသန်းသန်းအေး၏ခင်ပွန်း၊ မတင့်တင့်ရှိန်၏ဖခင်သည် ၃-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၁၁း၀၅နာရီတွင် အမှတ် ခ/၁၅၁၊ ဗိုလ်သန်းတင်လမ်း၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် သန်လျင်မြို့ ပျဉ်ထောင်ကျောင်းသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသန်းစိုး
(A/B) CDC ၄၂၅၆၉
SELLY'S ART MARINE SERVICES
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးမြမောင်-(ဒေါ်လှလှ)တို့၏သား၊ ဦးခင်ထွန်း-(ဒေါ်မြင့်အေး)တို့၏သားသမက်၊ ဦးသန်းညွန့်-ဒေါ်လှကြိုင်၊ ဦးသိန်းထွန်း၊ ဒေါ်သန်းသန်းငွေ၊ ဒေါ်ငွေးငွေးဝင်း၊ ဦးအောင်နိုင်၊ ဒေါ်လှလှငွေး၊ ဦးကျော်နိုင်၊ ဒေါ်တင်တင်ငွေးတို့၏ညီ/မောင်၊ ဒေါ်ခင်ထွေးရီ၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စိတ္တသုခလမ်း၊ အမှတ် ၃၉နေ မနွယ်ဦးခိုင်၏ခင်ပွန်း၊ မောင်မင်းခန့်သူ၏ဖခင်သည် ၄-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၅နာရီတွင် သုခကမ္ဘာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (စိတ္တသုခလမ်း နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်အမာ
အသက်(၈၇)နှစ်

အောင်လံမြို့နေ (ဦးမောင်မောင်- ဒေါ်ဒွန်းလှ)တို့၏သမီး၊ အမှတ် ၁၀၃၊ ၉၄ လမ်း၊ သုံးလွှာ၊ ကန်အရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဟာဂျီ ဦးမောင်မောင်)၏ဇနီး၊ ဟာဂျီဒေါက်တာဦးကိုကိုဝင်း-ဟာဂျီမ ဒေါ်မြင့်မြင့်အေး၊ ဟာဂျီ ဦးဘညွန့်-ဟာဂျီမ ဒေါ်ခင်ညို၊ ဟာဂျီ ဒေါက်တာဦးကိုထွေး-ဟာဂျီမဒေါက်တာ မစုစုမွန်တို့၏အစ်မကြီး၊ ပါမောက္ခ ဒေါက်တာခင်ထွန်း (University Malaysia Sarawak)-ဒေါ်ဥမ္မာသိန်း၊ ဦးအေးရွှေ(လ/ထ၊ အင်/ယာ၊ ငြိမ်း)-ဒေါ်မြင့်မြင့်မေ(အထက-၁၊ ဒဂုံ၊ ငြိမ်း)၊ ဦးကျော်ဇင်တို့၏မိခင်ကြီး၊ ဒေါက်တာမြသိန်း-ဒေါ်မေဇင်ခင်ထွန်း၊ ဒေါက်တာညီသက်လွင် - ဒေါက်တာဆွေယဉ်ခင်ထွန်း၊ ဦးတင်မြင့်နီ-ဒေါ်ကေဇင်ခင်ထွန်း၊ ဦးအောင်သူရွှေ-ဒေါ်လွှင်လွှင်သန့်၊ ဦးလှရွှေ - ဒေါက်တာအိဖြူရွှေတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၃-၇-၂၀၁၂ရက် ည ၁၀း၁၀နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၄-၇-၂၀၁၂ရက် နေ့လယ် ဇိုဟိုရ်နမာဇ်အပြီး ရေဝေးကာဘာရ်စတန်ဥယျာဉ်တွင် ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)
ရဟန်းဒါယကာကြီး
ဦးမြင့်လွင်
(ရွှေတောင်/ကျောက်တန်း)
အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နေ (ဦးကွင်း-ဒေါ်စိန်ညွန့်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နေ (ဦးကျင်ဝမ်း)-ဒေါ်ခင်သန်းတို့၏သားသမက်၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမ၊အမှတ် ၁၄၄/ဘီနေ ဒေါ်မာမာဝေ၏ခင်ပွန်း၊ကိုသန့်ဇင်၊ကိုမင်းညီ(မင်းမင်း)၊ ကိုထင်အောင်(နောင်နောင်)-မကြည်မာလွင်တို့၏ဖခင်သည် ၂-၇-၂၀၁၂ရက် (တနင်္လာနေ့)နံနက် ၅း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၄-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)တွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)အသင်းသူအသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဦးစိန်သန်း
ဒုဦးစီးမှူး၊ ကညန(ပဲခူး)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၄၃/ကနေ(ဦးစိန်မောင်)-ဒေါ်သန်းရီတို့၏သား၊ ဦးထွန်းရှိန်-(ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၁၁၊ ကညနဝန်ထမ်းအိမ်ရာနေ ဒေါ်စန်းစန်းနွဲ့၏ခင်ပွန်း၊ မဆုမွန်ဦး(ခေတ္တ-စင်ကာပူ)၊ မောင်အောင်ဖြိုးတို့၏ဖခင်၊ ဦးခင်ညို-ဒေါ်သန္တာစိုး၊ ဦးမြင့်သိန်း-ဒေါ်အေးအေးမာ၊ ဦးလှတိုး(စစ်ဆေးရေး-၂၊ ကညန၊ မန္တလေး)-ဒေါ်သန်းသန်းဝင်းတို့၏ အစ်ကိုသည် ၄-၇-၂၀၁၂ရက် နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၆-၇-၂၀၁၂ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးသိန်းဝင်း (မြိတ်)
B.Sc (Physics)
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၇၃၊ ပထမထပ်(ယာ)နေ (ဦးဘသက်-ဒေါ်တုတ်)တို့၏သား၊ (ဦးစိန်သန်း)-ဒေါ်တင်ရီ၊ ဦးဖေလင်း-ဒေါ်ထူးကြည်၊ ဦးစိန်အေး-ဒေါ်ခင်ကြူ၊ ဦးလှကြည်၊ ဦးအောင်မင်း-ဒေါ်ဝင်း၊ ဒေါ်အင်ကြည်(ခ)ဒေါ်မဲအေး၊ ဦးမြင့်ဝေ-ဒေါ်မြကြည်တို့၏မောင်၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေး၊ မြေးကိုးယောက်တို့၏အဘိုးလေးသည် ၄-၇-၂၀၁၂ရက် နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၇၃၊ စမ်းချောင်းလမ်း၊ ပထပ်(ယာ)၊ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ
မေးခွန်း (၃)ခု မေးမြန်းဖြေကြားခြင်း၊ အဆိုအသစ် (၁)ခုနှင့် ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၁၇)ဦးတို့ တက်ရောက်ကြသည်။

ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃)ဦးနှင့် အစားထိုးပြောင်းလဲသည့် တပ်မတော်သား ကိုယ်စားလှယ် တစ်ဦးတို့ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်း၊ မေးခွန်း (၃)ခု မေးမြန်းဖြေကြားခြင်း၊ လွှတ်တော်ဆောင်ရွက်ချက်များ မှတ်တမ်းတင်ခြင်း၊ အဆိုအသစ် (၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကတိသစ္စာပြု လက်မှတ်ရေးထိုးခြင်းကဏ္ဍ၌ ဧပြီ ၁ ရက်က ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူ (၃၇)ဦးအနက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈(ခ)အရ ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃)ဦးနှင့် အစားထိုးပြောင်းလဲသည့် တပ်မတော်သားကိုယ်စားလှယ်တစ်ဦးတို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြသည်။

ယနေ့အစည်းအဝေး၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ပြည်သူ့ကိုယ်စားလှယ်အသစ်များကို ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုပါကြောင်း၊ ထို့အတူ ကိုယ်စားလှယ်အဟောင်းများကိုလည်း ပြီးခဲ့သည့်ကာလအတွင်း လွှတ်တော်အတွင်းမှာရော၊ လွှတ်တော်ပြင်ပမှာပါ ပြည်သူများအတွက် စေတနာထား ကြိုးစားဆောင်ရွက်ပေးခဲ့မှုများကို ချီးကျူးဂုဏ်ပြုပါကြောင်း။

ယခင်က မိမိအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းပြောကြားခဲ့သည့် အဓိကအချက်များကို ပြန်လည်တင်ပြလိုပါကြောင်း၊ ၎င်းတို့မှာ -

(တစ်) မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဘာသာအစွဲ မထားရှိဘဲ နိုင်ငံအကျိုး၊ နိုင်ငံသားအကျိုး၊ ပြည်ထောင်စုအကျိုးအတွက် မျှမျှတတဖြစ်စေရေး အဓိကထားဆောင်ရွက်သွားကြရန်။

(နှစ်) အတိတ်က မိမိတို့နိုင်ငံတော်အတွင်း ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသော ဖြစ်စဉ်ဖြစ်ရပ် အကြောင်းများထဲမှ မကောင်းမှုများကို ပြစ်တင်ဝေဖန်နေမည့်အစား သင်ခန်းစာယူကြပြီး ယခုနှစ်အနာဂတ်အတွက် ပို၍ကောင်းကြရအောင် ပြုပြင်ပြောင်းလဲမှုများကို ရဲရဲဝံ့ဝံ့ သတ္တိရှိရှိလုပ်ကြရန်။

(သုံး) လွှတ်တော်များမရှိခဲ့စဉ်က အချို့ကိစ္စရပ်များသည် ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်စွာ မဆောင်ရွက်နိုင်ခဲ့ခြင်းကို သင်ခန်းစာရယူပြီးဖြစ်၍ လွှတ်တော်များ ခိုင်မာစွာနှင့် ခိုင်မြဲစွာရှိရန် လုပ်ဆောင်ကြရန်၊ လွှတ်တော်များခိုင်မာရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ စိတ်ဓာတ်ကောင်းမွန်မှန်ကန်ရေးနှင့် အရည်အချင်းရှိအောင် တည်ဆောက်ကြရန်၊ ဒီမိုကရေစီကျင့်စဉ်များကို မှန်မှန်ကန်ကန်နှင့် စနစ်တကျကျင့်သုံးဆောင်ရွက်နေကြရန်။ *စာမျက်နှာ ၈ ကော်လံ ၁* ◆

ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ
မေးခွန်း (၃)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၄

ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၄)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း ပြုလုပ်ရာတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း မေးမြန်းသည့် **"ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် သြရမကျေးရွာအုပ်စုတွင် အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းကို ကျောင်းဆရာ ဆရာမများနှင့်အတူ ခန့်အပ်တည်ဆောက်**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် မေးမြန်းသည့် **"ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ မြင့်ဂါကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် တိုးချဲ့ကျောင်းဆောင်ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ"**နှင့် **"ပေါက်တောမြို့နယ်၊ ကျောက်တောင်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ဖြေကြားရာတွင် ဘူးသီးတောင်မြို့နယ်၊ စိုင်းတင်ဒေသ၊ သြရမကျေးရွာအုပ်စု၊ လက်ပံကျေးရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား (၅၉)ဦးရှိသည့်အတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူး၊ ပြည်နယ်ပညာရေးမှူးတို့မှတစ်ဆင့် အမှတ်(၁) အခြေခံပညာဦးစီးဌာနသို့ အဆင့်ဆင့် တင်ပြလျှောက်ထားပါက အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ပေါက်တောမြို့နယ်၊ မြင့်ဂါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လက်ရှိကျောင်းသားဦးရေမှာ (၅၈၁)ဦးနှင့် စာသင်ခန်းရှစ်ခန်းရှိသည့်အတွက် ထပ်မံလိုအပ်လျက်ရှိသော (ပေ ၁၈၀ × ပေ ၃၀) သွပ်မိုးအုတ်ညှပ် (၁)ထပ်ဆောင်တစ်ဆောင်ကို ဆောက်လုပ်နိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်လည်းကောင်း ခွဲဝေပေးနိုင်ရေးအတွက် စီစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်၍ ပေါက်တောမြို့နယ် ကျောက်တောင်ကျေးရွာအုပ်စု၊ ကျောက်တောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပြီးဖြစ်၍ အလယ်တန်းဆင့်ပညာကို ဆက်လက်သင်ကြားခွင့်ရရှိနေပြီ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အခြေခံပညာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ လူမှုစီးပွားရေးအဆင့်အတန်း မြင့်မားရေးနှင့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ရှင်းလင်းပြောကြားရာတွင် ယခုနှစ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် *စာမျက်နှာ ၈ ကော်လံ ၅* ❖